BURMESE WOMEN'S UNION










## ခေတ်ပြောင်းကြွေးကြော်သံအောက်မှ

# တော်လှန်အမျိုးသမီးများ

(၂၀၂၂ ခုနှစ်)

# “ ခေတ်ပြောင်းကြွေးကြော်သံအောက်မှ
# တော်လှန်အမျိုးသမီးများ ”



## ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

မြန်မာနိုင်ငံတွင် အမျိုးသမီးများလိုက်နာရမည့် စံသတ်မှတ်ချက်များမှ အမျိုးသမီးများအား ခေါင်းဆောင်မှုနေရာများနှင့် ဆုံးဖြတ်ချက်ချသည့်နေရာများတွင် ပါဝင်စေရန် အကန့်အသတ်များ ဖြစ်စေခဲ့သည်။ အထူးသဖြင့် ရှေးရိုးစွဲဖိုဝါဒကြီးစိုးသည့် ဓလေ့ကျင့်သုံးမှုများတွင် အမျိုးသမီးများနှင့် နိုင်ငံရေးသည် လုံးလုံးမျှ မသက်ဆိုင်ဟူသည့် သတ်မှတ်ချက်အား မြန်မာနိုင်ငံရှိ လူ့အသိုင်းအဝိုင်းအတွင်း စွဲမြဲစွာ လိုက်နာကျင့်သုံးစေသည်။ ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံရေး လှုပ်ရှားမှုများတွင် အဘက်ဘက်မှ အမျိုးသမီးများ၏ ပါဝင်ပံ့ပိုးမှုများရှိခဲ့သည်ဆိုသည်ကို ငြင်းဆို၍ မရနိုင်သော်လည်း၊ စနစ်တကျမှတ်တမ်းတင်မှုများ အားနည်းခဲ့သဖြင့် အမျိုးသမီးများ၏ ပါဝင်ပံ့ပိုးမှုနှင့် စွန့်လွှတ်၊ စွန့်စားမှုများမှာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည်။

ထို့ကြောင့် ယခု ၂၀၂၁ ခုနှစ်၏ မြန်မာ့နိုင်ငံရေး အချိုးအကွေ့အား ကြီးမားသော အပြောင်းအလဲဖြစ်စေမည့် နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးများ၏ အကျွရာကျ အံ့မခန်းပါဝင်ခဲ့မှုများကို သမိုင်းအချက်အလက်အဖြစ် ကျန်ရှိနေစေရန် ရည်ရွယ်ကာ မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂအနေဖြင့် အခက်အခဲအမျိုးမျိုးကြားမှ မှတ်တမ်းတင်နိုင်ရန် ကြိုးစားခဲ့ပါသည်။ မြန်မာတနိုင်ငံလုံးရှိ အမျိုးသမီးများအနေဖြင့် နည်းမျိုးစုံ၊ အခန်းကဏ္ဍပေါင်းစုံမှပါဝင်၍ တိုက်ပွဲဝင်လျှက်ရှိသော်လည်း မိမိတို့လက်လှမ်းမှီသမျှကိုသာ စုဆောင်းခဲ့ရသဖြင့် ယခုမှတ်တမ်းတွင် ထည့်သွင်းဖော်ပြခွင့်မရခဲ့သည့် ကဏ္ဍများ၊ အမျိုးသမီးများစွာ ကျန်ရှိနေပြီး၊ ထိုသို့ ပြီးပြည့်စုံစွာ မတင်ပြနိုင်ခဲ့မှုများအတွက်လည်း မေတ္တာရပ်ခံပါသည်။

၎င်း **"ခေတ်ပြောင်းကြွေးကြော်သံအောက်မှ တော်လှန်အမျိုးသမီးများ"** မှတ်တမ်းစာတမ်းတိုတွင် စုဆောင်းတင်ပြထားသည့် အမျိုးသမီးများ၏ ဖြတ်သန်းမှုအတွေ့အကြုံများသည် မြန်မာနိုင်ငံ၏ အမျိုးသမီးလှုပ်ရှားမှုသမိုင်းအတွက် အရေးကြီးလှပေသည်။ မည်သို့ဆိုစေ ကာယကံရှင် အမျိုးသမီးများကိုယ်တိုင်မှ ရဲဝံ့စွာဖြင့်

ထုတ်ဖော်ပြောဆိုမှုများ မရှိခဲ့လျှင် မိမိတို့အနေဖြင့် မည်သို့မှ မှတ်တမ်းများပြုစုနိုင်ခဲ့မည် မဟုတ်ပါ။ ထို့ကြောင့် ဤစာတမ်းကို ပြီးပြည့်စုံစေရန်အတွက် အခက်အခဲနှင့် လုံခြုံရေး စိန်ခေါ်မှုများကြားမှ သတ္တိရှိစွာဖြင့် ၎င်းတို့၏ အတွေ့အကြုံများနှင့် အချက်အလက်များကို ဝေမျှဖလှယ်ပေးခဲ့သည့် အမျိုးသမီးတစ်ဦးတစ်ယောက်ချင်းစီအား မြန်မာ့အမျိုးသမီးသမဂ္ဂ မှ ဤစာတမ်းကိုနှင့်အတူ လေးစားစွာ အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းတင်လိုက်ပါသည်။

**မြန်မာ့အမျိုးသမီးသမဂ္ဂ**

## မာတိကာ


၁) နိဒါန်း ------------------------------------------------------------ 1

၂) မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) အကြောင်းအကျဉ်းချုပ် -------------------- 3

၃) စာတမ်းရေးသားသည့်နည်းနာ ---------------------------------------- 5

၄) ၂၀၂၁ အာဏာသိမ်းမှုကာလ နိုင်ငံရေးနောက်ခံအကျဉ်းနှင့် နွေဦးတော်လှန်ရေး
ဖြစ်စဉ်အကျဉ်း ------------------------------------------------------ 7

၅) အမျိုးသမီးများ နွေဦးတော်လှန်ရေးတွင် ကဏ္ဍပေါင်းစုံ ပါဝင်မှုအခြေအနေ ----- 11

(က) အခြေခံအမျိုးသမီးထု၏ပါဝင်မှု -------------------------------- 12

**(ခ) အလုပ်သမအမျိုးသမီးများ၏ ပါဝင်မှု ----------------------------- 17**

(ဂ) အစိုးရဝန်ထမ်း အမျိုးသမီးများ၏ပါဝင်မှု -------------------------- 20

(ဃ) လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးများပါဝင်မှု ----------- 26

(င) နိုင်ငံရေးပါတီဝင်အမျိုးသမီးများ၏ပါဝင်မှု -------------------------- 31

(စ) လက်နက်ကိုင် ခုခံတော်လှန်ရေးတိုက်ပွဲတွင် အမျိုးသမီးများ၏ပါဝင်မှု ---- 35

**(ဆ) မသန်စွမ်း အမျိုးသမီးများ၏ ပါဝင်မှု ----------------------------- 41**

**(ဇ) လိင်စိတ်ခံယူမှု ကွဲပြားသူ (LGBTI) များ၏ ပါဝင်မှု ------------------ 45**

၆) ရှစ်လေးလုံးအရေးတော်ပုံနှင့် နွေဦးတော်လှန်ရေးတို့တွင် အမျိုးသမီးများပါဝင်မှု
အခန်းကဏ္ဍ --------------------------------------------------------- 49

၇) အမျိုးသမီးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ --------------------- 53

(က) ဖမ်းဆီးနှိပ်စက်ထောင်ချခြင်း ---------------------------------- 54

(ခ) လိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊ အကြမ်းဖက်ခြင်းနှင့် မုဒိမ်းကျင့်ခြင်း ——— 56

(ဂ) ဓါးစားခံဖမ်းဆီးခြင်း ------------------------------------------ 59

(ဃ) သတ်ဖြတ်ခြင်း ----------------------------------------------- 61

(င) လူ့အခွင့်အရေးချိုးဖောက်မှု၏ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများ — 62

၈) ဖိုဝါဒလွှမ်းမိုးမှုနှင့် အမျိုးသမီးများ၏ တော်လှန်ခရီးကြမ်း ------------------ 65

၉) နိဂုံး ---------------------------------------------------------- 67



## ၁) နိဒါန်း

ဖိုဝါဒကြီးစိုးသည့် အခြားသော ကမ္ဘာ့နိုင်ငံများစွာကဲ့သို့ပင် မြန်မာနိုင်ငံ၏ သမိုင်းတလျှောက်တွင် အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှု၊ ဦးဆောင်မှုများနှင့်ပတ်သက်၍ တိကျခိုင်လုံသော အချက်အလက်များဖြင့် မှတ်တမ်းတင်သိမ်းဆည်းထားရှိမှုများ လွန်စွာနည်းပါးသည်။ အင်္ဂလိပ်ကိုလိုနီခေတ် လွတ်မြောက်ရေး ကြိုးပမ်းစဉ် ကာလမှစ၍ အမျိုးသမီးများစွာ ပါဝင်ခဲ့သော်လည်း မှတ်တမ်းများ စနစ်တကျမထားရှိခဲ့သဖြင့် အမျိုးသမီးများ ပါဝင်မှုကို လေ့လာရန် အရင်းအမြစ်များ မရှိသလောက်နည်းပါးခဲ့သည်။

၁၉၈၈ ခုနှစ်၊ ရှစ်လေးလုံးလူထုအရေးတော်ပုံနှင့် နောက်ပိုင်းဖြစ်ပေါ်ခဲ့သော လူထုလှုပ်ရှားမှုများတွင်လည်း အမျိုးသမီးများ ထုနှင့်ထည်နှင့် ပုံစံမျိုးစုံဖြင့် ပါဝင်ပေးဆပ်ခဲ့ကြသည်။ ရှစ်လေးလုံးအရေးတော်ပုံကြီး နောက်ပိုင်း မြန်မာနိုင်ငံ၏ အမျိုးသမီးလှုပ်ရှားမှုသည် တဖြည်းဖြည်းအားကောင်းလာသော်လည်း အမျိုးသမီး အခွင့်အရေး၊ ကျား၊မ တန်းတူရေးတို့နှင့် ပတ်သက်၍ မြန်မာ့လူ့အဖွဲ့အစည်း၏ အသိအမှတ်ပြုမှုမှာ ယခုချိန်အထိ အားနည်းနေဆဲဖြစ်သည်။ တဖက်တွင်လည်း ပြည်တွင်းစစ်ကြာရှည်လာသည့် မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် စစ်ပွဲ၏ ပစ်မှတ်များဖြစ်နေပြီး ထိခိုက်နစ်နာမှု အများဆုံးခံစားနေကြရသည်။ အဆိုပါ အဖြစ်အပျက်များကိုလည်း စနစ်တကျ မှတ်တမ်းတင်ခဲ့ခြင်း မရှိသည့်အတွက် အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုနှင့် စစ်ပဋိပက္ခအောက်မှ အမျိုးသမီးများ ရင်ဆိုင်နေရသော ဖြစ်ရပ်မှန် အချက်အလက်များမှာ ပျောက်ကွယ်နေလေသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) အပါအဝင် ၁၉၉၅ ခုနှစ်နောက်ပိုင်း နယ်စပ်ဒေသအခြေပြု ပေါက်ဖွားလာကြသော အမျိုးသမီးအဖွဲ့အစည်းများသည် ဤသို့သော အရေးပါမှုများကို လေ့လာသုံးသပ်ပြီး အမျိုးသမီး များ၏ တော်လှန်ရေးတွင် ပါဝင်မှု၊ အကျဉ်းထောင်များထဲမှ နိုင်ငံရေးအကျဉ်းသူများ၏ ဖြတ်သန်းမှုများ၊ စစ်အာဏာ ရှင်စနစ်အောက်မှ တိုင်းရင်းသူအမျိုးသမီးများ၏ ဘဝအခြေအနေများကို တိကျခိုင်လုံသော

အချက်အလက်များဖြင့် ဖော်ထုတ်မှတ်တမ်းတင်ရန် ကြိုးစားလာခဲ့ ကြသည်။

နိုင်ငံတကာအတွေ့အကြုံများအရ လူမှုတော်လှန်ရေးများကို လေ့လာကြည့်လျှင် လွယ်ကူမြန်ဆန်စွာ အောင်မြင်ပြီးမြောက်သည်ဟူ၍မရှိပဲ အချိန်ကာလတခုအထိ ကြံ့ကြံ့ခံ ရုန်းကန်လှုပ်ရှားခဲ့ကြရပြီး တော်လှန်ရေး အောင်မြင်စေရန် အမျိုးသမီးများ၏ ပါဝင်ပံ့ပိုးမှုများသည် ကြီးမားသည့် အထောက်အပံ့များ ဖြစ်စေသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) သည် ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများ၏ ထိရောက်သည့် ပါဝင်မှုများကို အသေးစိပ် မှတ်တမ်းတင်ထားရန် အထူးအရေးကြီးကြောင်း ယုံကြည်သည့်အားလျော်စွာ

(၁) အခြေခံအမျိုးသမီးထု၏ပါဝင်မှု၊

(၂) အခြေခံအလုပ်သမများ၏ပါဝင်မှု၊

(၃) လူ့အခွင့်အရေး တက်ကြွလှုပ်ရှား သူများ၏ပါဝင်မှု၊

(၄) အစိုးရဝန်ထမ်းများ၏ပါဝင်မှု

(၅) နိုင်ငံရေးပါတီများ၏ပါဝင်မှု၊

(၆) မသန်စွမ်းများ၏ပါဝင်မှု

(၇) လိင်သဘောထားခံယူမှုခြားနားသူများ (LGBTI) များ၏ပါဝင်မှု၊

(၈) လက်နက်ကိုင်ခုခံတော်လှန်ရေးအတွင်းပါဝင်မှု စသဖြင့် အပိုင်းများခွဲ၍ ဤမှတ်တမ်းတွင် စုစည်းတင်ပြထားပါသည်။


ဖက်ဆစ်ကိုအမြစ်ဖြတ်
တော်လှန်သော
အမျိုးသမီးတွေ
Kaung San(Monywa)
Photography Group


Time to Act.End syste
of impunity


Reject Military Coup
MI DUAL CAMERA


## ၂) မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) အကြောင်းအကျဉ်းချုပ်

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) ကို သမိုင်းဝင်ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကြီးအပြီး ထိုင်း၊ မြန်မာ နယ်စပ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) မှ စတင်ဖွဲ့စည်းပေးခဲ့ပြီး မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) ဖွဲ့စည်းရန် စည်းရုံးရေးကော်မတီအဖြစ် တာဝန်ပေးအပ်ခြင်းခံရသော အမျိုးသမီးတပ်ဖွဲ့ဝင် (၇) ဦးမှ ကျယ်ပြန့်သော အမျိုးသမီးလှုပ်ရှားမှုကြီး ဖြစ်ပေါ်လာစေရန်အတွက် မည်သည့်အဖွဲ့အစည်း၏ နိုင်ငံရေးအရိပ်အာဝါသအောက်တွင်မှ မတည်ရှိပဲ လွတ်လပ်သော အမျိုးသမီးအဖွဲ့တစ်ခုအဖြစ် လျှောက်လှမ်းခွင့်ပြုရန် တင်ပြခဲ့တောင်းဆိုခဲ့ကြသည်။ ထိုမှတဆင့် လွတ်လပ်သော အမျိုးသမီးအဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) ပေါ်ပေါက်လာခြင်းဖြစ်သဖြင့် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) ကို ရှစ်လေးလုံးအရေးတော်ပုံကြီးတွင် ပါဝင်လှုပ်ရှားခဲ့ကြသော ဒေသအသီးသီးမှ အမျိုးသမီးများဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်းလည်း ညွှန်းဆိုကြသည်။

အမျိုးသမီးခေါင်းဆောင် (၇) ဦး ပါဝင်သော စည်းရုံးရေးကော်မတီမှ ဦးဆောင်၍ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီ လ (၇)ရက်နေ့၌ ထိုင်းမြန်မာနယ်စပ်တနေရာတွင် စတင်ဖွဲ့စည်းစဉ်က နိုင်ငံရေးအဖွဲ့အစည်းအသီးသီးမှ အမျိုးသမီးများ၏ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးအတွက် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို မြှင့်တင်ရန်၊ ဒုက္ခသည်စခန်းများနှင့် အိမ်နီးချင်းနိုင်ငံများတွင် ရောက်ရှိနေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံမှ အမျိုးသမီးများ၏ အမျိုး သမီး အခွင့်အရေးနှင့် ဒီမိုကရေစီစနစ်အပေါ် လက်ခံကျင့်သုံးမှု အတွေးအမြင်များမြှင့်တင်ရန်၊ အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို မိမိတို့၏ ကိုယ်ပိုင်စွမ်းအားဖြင့် ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) တွင် တိုင်းရင်းသားပေါင်းစုံအမျိုးသမီးများမှ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြပြီး မတူကွဲပြားသော နောက်ခံသမိုင်းများကို အပြန်အလှန်လေ့လာခွင့်ရရှိခဲ့သလို BWU မဖွဲ့စည်းမီကတည်းက တည်ရှိခဲ့ကြသော တိုင်းရင်းသူအမျိုးသမီးအဖွဲ့များနှင့် ဆက်စပ်လုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ထိုမှတဆင့် မြန်မာပြည်တွင် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ တန်းတူရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံပေါ်ထွန်းရေးတို့ကို ရည်ရွယ်၍ နောက်ထပ်တိုင်းရင်းသားဒေသကိုယ်စားပြု အမျိုးသမီးအဖွဲ့အစည်းများပေါ်ထွက်လာပြီး စုပေါင်းဆောင်ရွက်နိုင်ရေးကို ရှေ့ရှုလုပ်ဆောင်ခဲ့သည်။ ထို့နောက် WLB ခေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဖွဲ့စည်းပေါ်ပေါက်ရေးအတွက် အခြားညီအစ်မအဖွဲ့အစည်းများနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ပြီး လက်ရှိ အချိန် အထိ (၂၇) နှစ်တာဖြတ်သန်းခဲ့သော မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) သည် ချမှတ်ခဲ့သည့် ရည်မှန်းချက်များ အတိုင်း ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းနေဆဲဖြစ်သည်။


စစ်တပ်အာဏာသိမ်းရန်ကြိုးပမ်းမှု ကာလအတွင်း
အမျိုးသမီးများဆိုင်ရာ အချက်အလက်
( 1 February 2021 - 31 August 2022)
191
1
284
2441
0
500
1000
1500
2000
2500
3000
ပြစ်ဒဏ်ချမှတ်ခံထားရသူပေါင်း
သေဆုံးသူပေါင်း
ဖမ်းဆီးထိန်းသိမ်းခံထားရသူပေါင်း
မှတ်ချက်။ ။ AAPP နှင့် BWU မှ ကောက်ယူထားသော အချက်အလက်များဖြစ်ပြီး စုံစမ်းဆဲစာရင်းများလည်း
ရှိသည့်အတွက် အရေအတွက်များမှာ ယခုထက် ပိုမိုများနိုင်သည်။


ပြစ်ဒဏ်ချခံထားရသူ အမျိုးသမီး ၁၉၁ ဦးမှ
အမြင့်ဆုံးပြစ်ဒဏ်ချခံထားသူများ အရေအတွက်
( 1 February 2021 - 31 August 2022)
32
9
10
သေဒဏ်ချမှတ်ခံထားရသူပေါင်း
ထောင်ဒဏ် တသက်တကျွန်းချခံထားရသူပေါင်း
ထောင်ဒဏ် (၉)နှစ် နှင့် အထက် ချခံထားရသူများ
မှတ်ချက်။ ။ AAPP နှင့် BWU မှ ကောက်ယူထားသော အချက်အလက်များ ဖြစ်သည်။

## ၃) စာတမ်းရေးသားသည့်နည်းနာ

ဤစာတမ်းကို မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ ခိုင်လုံသော သတင်းမီဒီယာများနှင့် အရပ်ဖက်အဖွဲ့အစည်းနှင့် အခွင့်အရေးဆိုင်ရာ တိုးမြှင့်လုပ်ဆောင်နေသော အဖွဲ့အစည်းများမှ ထုတ်ဝေထားသည့် သတင်းဆောင်းပါးများနှင့် မှတ်တမ်းများပါ အချက်အလက်များကို ထုတ်နှုတ်ထည့်သွင်းထားသည်။ ထို့အပြင် မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) ၏ သတင်းနှင့်မှတ်တမ်းတင်ဌာနမှ နွေဦးတော်လှန်ရေး၏ အာဏာဖီဆန်ရေး လှုပ်ရှားမှု – CDM (ကျန်းမာရေး၊ ပညာရေးနှင့် CDM စစ်သားများ၏ဇနီးများ၊ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စသဖြင့်)၊ လက်နက် ကိုင်ခုခံတော်လှန်ရေးလမ်းကြောင်းတွင် လျှောက်လှမ်းနေသည့် အမျိုးသမီးများ၊ သံပုံးတီးခြင်းအပါအဝင် အကြမ်းမဖက်လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့်အမျိုးသမီးများနှင့် တော်လှန်သူများအား အမိက ပံ့ပိုးပေးနေသည့် အိမ်ရှင်မများ၊ စက်ရုံအလုပ်ရုံများမှ အလုပ်သမား အမျိုးသမီးများ၊ မသန်စွမ်းအမျိုးသမီးများ၊ အွန်လိုင်းလှုပ်ရှားမှုတွင် ပါဝင်ကြသူများ စသည့် အမျိုးသမီးများကို သီးသန့် တွေ့ဆုံမေးမြန်းခြင်းဖြင့် ၎င်းတို့၏ နွေဦးတော်လှန်ရေးတွင် ဖြတ်သန်းခဲ့သော အတွေ့အကြုံများကို စုစည်း တင်ပြထားပါသည်။

ဤစာတမ်းအတွက် အလွှာပေါင်းစုံ၊ ဒေသပေါင်းစုံမှ အမျိုးသမီး (၃၄) ဦးကို မေးမြန်းထားပြီး စာတမ်းပါ အမျိုးသမီးများနှင့် ၎င်းတို့မိသားစုဝင်များ၏ လုံခြုံရေးကြောင့် အချို့အမည်များကို အမည်လွှဲများဖြင့် ဖော်ပြထားပါသည်။


MPA


POLICE

## ၄) ၂၀၂၁ အာဏာသိမ်းမှုကာလနိုင်ငံရေးနောက်ခံအကျဉ်းနှင့် နွေဦးတော်လှန်ရေး ဖြစ်စဉ်အကျဉ်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၆၂ ခုနှစ်တွင် ပထမဦးဆုံး စစ်တပ်အာဏာသိမ်းမှု ဖြစ်ပွားခဲ့ပြီး (၁၂) နှစ်ကြာ စစ်တပ်မှအုပ်ချုပ်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ရေးဆွဲခဲ့ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ကို တည်ထောင်ကာ တစ်ပါတီအာဏာရှင်စနစ်ဖြင့် အသွင်ပြောင်းအုပ်ချုပ်ခဲ့သည်။ တဖက်တွင်လည်း ပင်လုံစာချုပ်ကို အကောင်အထည် မဖော်ဆောင်နိုင်ခဲ့သဖြင့် တိုင်းရင်းသားများက လွတ်လပ်ရေးရပြီးချိန်မှစ၍ လက်နက်ကိုင် ခုခံတော်လှန်လာခဲ့ကြသည်။

၁၉၈၈ ခုနှစ်တွင် အဖက်ဖက်မှ ယိုယွင်းလာသော အခြေအနေများကြောင့် တနိုင်ငံလုံးအတိုင်းအတာဖြင့် လူထုအုံကြွမှုများဖြစ်ပေါ်ခဲ့ပြီး သမိုင်းဝင်ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။ စစ်တပ်သည် ငြိမ်း ချမ်းစွာ ဆန္ဒပြတောင်းဆိုကြသော ကျောင်းသူကျောင်းသားများ၊ အရပ်သားပြည်သူများအား ပစ်ခတ်သတ်ဖြတ်ခဲ့သလို ဖမ်းဆီးထောင်ချခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်း၊ အကြမ်းဖက်ဖြိုခွင်းခြင်းများ ကျူးလွန်ပြီး အာဏာသိမ်းခဲ့သည်။

၁၉၉၀ ခုနှစ်တွင် စစ်တပ်မှ ရွေးကောက်ပွဲပြုလုပ်ပေးခဲ့သော်လည်း အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ကို အာဏာလွှဲအပ်ပေးခြင်းမရှိပဲ ရွေးကောက်ခံ အမတ်များကို လိုက်လံဖမ်းဆီးထောင်ချခဲ့သဖြင့် အများအပြားမှာ နယ်စပ်ဒေသများသို့ တိမ်းရှောင်လာခဲ့ပြီး NCGUB ခေါ် အမျိုးသားညွန့်ပေါင်းအစိုးရကို ဖွဲ့စည်းခဲ့သည်။

၁၉၉၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ စစ်တပ်မှ အမည်အမျိုးမျိုးပြောင်း၍ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်ခဲ့ရာမှ ၂၀၀၈ ဖွဲ့စည်းပုံကို နှစ်ရှည်လများရေးဆွဲခဲ့ပြီး တဖက်သတ် အတည်ပြုခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများနှင့်

နယ်စပ်ဒေသတလျှောက် ဒီမိုကရေစီရေးတိုက်ပွဲဝင်အဖွဲ့အစည်းများသည် စစ်အာဏာရှင် စနစ်သက်ဆိုးရှည်ရေးအတွက် ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၁၀ ရွေးကောက်ပွဲကိုလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မှ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးအတွက် လွှတ်တော်တွင်း လှုပ်ရှားမှုနှင့် လွှတ်တော်ပြင်ပလှုပ်ရှားမှုတို့ ချိတ်ဆက်ဆောင်ရွက်ရမည်ဟု ပြောဆိုပြီး ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်ခဲ့သည်။ ၂၀၁၀ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသော သမ္မတဦးသိန်းစိန် အစိုးရလက်ထက်၌ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ဦးစားပေးပြုလုပ်ခဲ့ရာ တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်း (၂၁) ဖွဲ့၏ ကြိုးပမ်းမှုဖြင့် NCA ခေါ် တနိုင်ငံလုံး ပစ်ခ တ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် ပေါ်ပေါက်လာခဲ့သည်။ စစ်တပ်ဖက်မှ အားလုံးပါဝင်မှုကို ငြင်းဆိုပြီး အချို့အဖွဲ့များ ပါဝင်လက်မှတ်ရေးထိုး နိုင်ရေးကို ကန့်သတ်ခဲ့သဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၈)ဖွဲ့သာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပြီး နောက်ပိုင်းတွင် (၁၀) ဖွဲ့အထိသာ ပါဝင်လာသည်။ လက်မှတ်ရေးထိုးခဲ့သော တိုင်းရင်းသားအဖွဲ့အစည်း များက NCA အခြေခံ၊ ပြည်ထောင်စုငြိမ်း ချမ်းရေး ညီလာခံ (NLD အစိုးရ လက်ထက်တွင် ၂၁ ရာစုပင်လုံဟု ခေါ်ဝေါ်သုံးစွဲခဲ့) ဖြစ်စဉ်ကို လွှတ်တော်ပြင်ပ ဖွဲ့စည်းပုံပြင်ဆင်ရေး ကြိုးပမ်းမှုဖြစ်စဉ်ဟု ညွှန်းဆိုသည်။ သို့သော် NCA တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပါဝင်မှု မရှိခြင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ ပြင်ဆင်ရေးအတွက် လွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပ လှုပ်ရှားမှုများ (တနည်းဆိုရသော် NLD ပါတီနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား) အားကောင်းသည့် ချိတ်ဆက်မှု မရှိခြင်း၊ စစ်တပ်အနေဖြင့် NLD အစိုးရ လက်ထက်တွင် နိုင်ငံရေးဆွေးနွေးပွဲများကို ပိုမိုကန့်သတ်လာခြင်းတို့ကြောင့် NCA စာချုပ်ကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၅ နိုဝင်ဘာတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲတွင် NLD ပါတီတောင်ပြိုကမ်းပြို နိုင်ခဲ့ပြီးနောက် NLD ပါတီဦး ဆောင်သောအစိုးရပေါ်ပေါက်လာခဲ့သည်။ ၂၀၂၀

ရွေးကောက်ပွဲတွင် NLD ပါတီမှ ဆက်လက်၍ အနိုင်ရရှိပြန်ရာ စစ်တပ်၏ ရွေးကောက်ပွဲ ရလာဒ် အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၂၁ ဖေဖော် ဝါရီလ (၁) ရက်နေ့တွင် တကျော့ပြန် အာဏာသိမ်းမှုကြီးပေါ်ပေါက်ခဲ့သည်။

လက်ရှိအာဏာသိမ်းမှုတွင် စစ်တပ်သည် ပြည်သူများအား အကြမ်းဖက်နှိမ်နင်းမှုများ ဆက်တိုက်ပြုလုပ်ခဲ့ရာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း၏ ထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ရက်နေ့အထိ သေဆုံးသူဦးရေ စုစုပေါင်း (၂၁၄၂) ဦးရှိပြီး အဖမ်းဆီးထိန်းသိမ်းခံထားရသူ စုစုပေါင်း (၁၄၉၅၆) ဦးရှိပြီ ဖြစ်သည်။ ၎င်းလူဦးရေစာရင်းများအတွင်း မြန်မာ့အမျိုးသမီးသမဂ္ဂမှ ကောက်ယူထားသည့် အချက်အလက်များအရ အဖမ်းဆီးထိန်းသိမ်းခံထားရသည့် အမျိုးသမီးဦးရေ စုစုပေါင်း (၂၃၇၂) ဦးရှိပြီး သေဆုံးသူ ဦးရေ စုစုပေါင်း (၂၄၁) ဦး ရှိသည်။ ၎င်းအချက်အလက်များသည် စစ်တပ်မှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလ ဆက်သွယ်ရေးစနစ်နှင့် အင်တာနက်လိုင်းများ ပြတ်တောက်မှုများကြောင့် မိမိတို့လက်လှမ်းမှီသည့် အချက် အလက်များသာဖြစ်သည်။


ရန်ကုန်
၂၁ ရာစုရဲ့ ပန်ထွာဘုရင်မများ
သပိတ်စစ်ကြောင်း
BRS


အမျိုးသမီးထု သပိတ်စစ်ကြောင်း



## ၅) အမျိုးသမီးများ နွေဦးတော်လှန်ရေးတွင် ကဏ္ဍပေါင်းစုံ ပါဝင်မှုအခြေအနေ

နွေဦးတော်လှန်ရေးအစကို ပြန်ကြည့်လျှင် နိုင်ငံတဝှမ်း စစ်အာဏာသိမ်းမှု ဆန့်ကျင်သည့်လှုပ်ရှားမှုများ ဖြစ်ပေါ်လာရန် အစပျိုးဦးဆောင်ခဲ့သူများထဲတွင် တက်ကြွလှုပ်ရှားသူအမျိုးသမီးငယ်များ၊ စက်ရုံအလုပ်ရုံများမှ အမျိုးသမီးအလုပ်သမားများကို မျက်ဝါးထင်ထင်တွေ့မြင်ရမည်ဖြစ်သည်။ ၎င်းတို့၏ ရဲရဲတောက်ဦးဆောင်မှုသည် စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးမှ ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး နှင့် စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးအထိ စိတ်ခွန်အားများ လက်ဆင့်ကမ်းနိုင်ခဲ့သည်။

နွေဦးတော်လှန်ရေးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်၍ နယ်ပယ်အသီးသီးမှ အနုပညာရှင်များ၊ အစိုးရဝန်ထမ်းများ၊ စီးပွားရေးနယ်ပယ်မှ လုပ်ငန်းရှင်များ၊ စက်ရုံအလုပ်ရုံမှ အလုပ်သမားများ၊ တက်ကြွလှုပ်ရှားသူ များ၊ ကျောင်းသားလူငယ်များ၊ ရပ်မိရပ်ဖများစသည့် အရပ်သားပြည်သူများ ရောင်စုံပွင့်ဖူးသည့် ပန်းခင်းသဖွယ် ပါဝင်ဆင်နွှဲခဲ့ကြသည်။ အရွယ်စုံအမျိုးသမီးများ၊ မတူကွဲပြား လိင်စိတ်သဘောထားရှိသူများ၊ ဘာသာရေး လူနည်းစုများလည်း တက်ကြွစွာပါဝင်ခဲ့ကြသည်။ လှုပ်ရှားမှုတစုံလုံးကို ခြုံကြည့်ပါက အမျိုးသမီးများ၏ ပါဝင်မှု အချိုးအဆမှာ အမျိုးသားများထက် မနည်းသည်ကို အသိမှတ်ပြု မှတ်တမ်းတင်ရမည်ဖြစ်သည်။

## (က) အခြေခံအမျိုးသမီးထု၏ပါဝင်မှု

စစ်အာဏာရှင်စနစ်အား အမြစ်ဖြုတ်ချေမှုန်းရာတွင် အလွှာပေါင်းစုံမှ ပြည်သူများ ဟန်ချက်ညီညီ ပါဝင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပြီး အခြေခံအမျိုးသမီးထုဖြစ်သော အိမ်ရှင်မများ၏ အရေးကြီးသည့် အခန်းကဏ္ဍကို ချန်လှပ်ထား၍ မရပေ။ မြန်မာနိုင်ငံမှ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးကို ညစဉ်အချိန်မှန် သံပုံးတီးဆန့်ကျင်ခြင်းဖြင့် တခဲနက်စတင်ခဲ့ပြီး နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရယူနိုင်ခဲ့သည်။ အာဏာရှင်ဆန့်ကျင်ရေး သပိတ်စတင် လှုပ်ရှားသည့်အချိန်မှစ၍ ဆန္ဒပြသူများအား ရေဗူးဝေခြင်း၊ အစားအသောက်များ ဝေငှခြင်းများမှစ၍ သံပုံးတီးသပိတ်၊ အသံတိတ်သပိတ်များတွင် ပါဝင်ကြသည့်အပြင် သား/သမီးများကို အားပေးထောက်ပံ့ခြင်းများနှင့် သပိတ်ဖြိုခွဲခံရသဖြင့် ထွက်ပြေးလာကြသည့် လူငယ်များအား ပုန်းအောင်းရှောင်ရှားနိုင်ရန် လုပ်ဆောင်ပေးကြခြင်းတို့ဖြင့် အခြေခံအမျိုးသမီးထုက နွေဦးတော်လှန်ရေးတွင် တက်ကြွစွာ ပါဝင်ခဲ့သည်။

ဆန္ဒပြပြည်သူလူထုများအား ထောက်ခံအားပေးမှုပြုသည့် မခိုင်(အမည်လွှဲ) မှ အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

*“ဆန္ဒပြသူတွေကို လမ်းကနေ လက်ခုပ်တီးကြိုဆိုတယ်၊ ရေသန့်ဝေတယ်၊ ညဘက်ကျ (၈) နာရီထိုးတာနဲ့ သံပုံး တီးတယ်။ သံပုံးတီးတဲ့သူတွေကို စစ်သားနဲ့ရဲတွေက အိမ်ထဲအထိ ဝင်ဖမ်းတာတို့ ဝရန်တာမှာ တီးနေတာတွေ့ရင် အောက်ကနေ လေးခွနဲ့ပစ်တာတို့ ဖြစ်လာပြီး အန္တရာယ်များတယ်၊ ရပ်ကြပါပြောတဲ့အချိန်အထိ လနဲ့ချီ မပျက်မကွက် တီးခဲ့တယ်။ CDM ဝန်ထမ်းအချို့ကို ထောက်ပံ့တာလုပ်တယ်၊ အတိအကျပြောရရင် CDM ဝန်ထမ်း တဦးစာ တာဝန်ယူထားတယ်”*

ကလေးငယ်တဖက်ဖြင့် မိခင်များသမဂ္ဂတွင် ပါဝင်ခဲ့သည့် single mother မသန္တာက တော်လှန်ရေးတွင် ပါဝင်ရန် ဆန္ဒပြင်းပြသော်လည်း ကလေးငယ်ရှိနေသည့်အတွက်

ကျရာနေရာမှ ပါဝင်ခဲ့ပုံကို ယခုလို ရှင်းပြသည်။

*“ငွေရေးကြေးရေး ကူညီပေးတယ်။ အအေးတွေ၊ ရေသန့်၊ အစားအစာနဲ့ ဆေးဝါးတွေ ကူညီပေးရင်း နွေဦးတော်လှန်ရေးမှာ ပါဝင်ခဲ့ပါတယ်။ ကလေးနဲ့ဆန္ဒပြလိုက်သွားတာ အန္တရာယ်ရှိတယ်ပြောကြတော့ နောက်ပိုင်း သိပ်မသွားဖြစ်တော့ဘူး။ ပိုက်ဆံလှူတာ ဆက်လုပ်တယ်။ စာကူရိုက်ပေးတာ၊ လုံခြုံရေးအရ နေရာတွေလိုက် ကြည့် ပေးတာ၊ အစား အသောက်တွေဝေပေးတာ အဲဒါတွေ ဆက်လုပ်ပေးဖြစ်တယ်။”*

အဖက်ဖက်မှ ခြွတ်ခြုံကျနေသည့် မြန်မာနိုင်ငံတွင် သား/သမီး၊ ခင်ပွန်းများ တော်လှန်ရေး၌ ထဲထဲဝင်ဝင် ပါဝင်နိုင် စေရန် အိမ်ရှင်မများမှာ ရရာအလုပ်လုပ်ကိုင်ကာ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။

*“အာဏာသိမ်းပြီး တစ်နှစ်ကျော်လာတဲ့အချိန် ဝင်ငွေလည်းမရှိ၊ မိသားစုကိုအရင်ကတည်းက ကြည့်နေတဲ့ သမီးနဲ့သားက သူတို့ မူရင်းအလုပ်တွေကို စွန့်ခွာ၊ တော်လှန်ရေးထဲ ထဲထဲဝင်ဝင် ပါဝင်သွားကြတဲ့အခါ ဝင်ငွေမရှိတော့ အန်တီ ဈေးထွက်ရောင်းတယ်လေ”* ဟု မခိုင်မှ သူမ၏ စားဝတ်နေရေးဖြေရှင်းရပုံကိုပြောပြပါသည်။

Single Mother အနေဖြင့် ရပ်တည်နေသည့် မသန္တာကလည်း စားဝတ်နေရေး ကြပ်တည်းနေသည့်ကြားမှ နွေဦးတော်လှန်ရေးကို တတ်နိုင်သမျှ ပံ့ပိုးနေပုံကိုလည်း အောက်ပါအတိုင်း ပြောပြသည်။

*“တကယ်တန်းကျတော့ အခုချိန်မှာ အရမ်းကြပ်တည်းတယ်။ အခု ဈေးထဲက အထည်ဆိုင်မှာ အထည်ရောင်းဝန်ထမ်း လစာ(၂)သိန်းရတယ်။ လှူတာလည်းလုပ်၊ ကလေးအတွက် လိုအပ်တာလည်း ဝယ်ပေါ့နော်။”*

အမျိုးသမီးများသည် စားဝတ်နေရေးနှင့် လုံခြုံရေး စိန်ခေါ်မှုများရှိနေသော်လည်း အာဏာရှင်အမြစ်ပြတ်ချေမှုန်း ရေးအတွက် ဆက်လက်ပါဝင်သွားရန် ဆန္ဒပြင်းထန်ကြောင်း တွေ့ရှိရသည်။

*“ပြည်သူတယောက်အနေနဲ့ စစ်အာဏာရှင်ကို ကြိုက်မှ မကြိုက်တာ၊ တိုင်းပြည်ရဲ့ အနာဂတ်ကို ဖျက်ဆီးလိုက်တဲ့ ဒီလုပ်ရပ်ကို စက်ဆုပ်လွန်းလို့ ပြည်သူတယောက်အနေနဲ့ နာကျည်းမိတာလေ။” (မခိုင်)*

*“အာဏာရှင်ကျဆုံးဖို့ကတော့ ညီမတတ်နိုင်တဲ့ဘက်ကနေပြီးတော့ အဆုံးထိ၊ ပြောမယ်ဆိုရင် ကိုယ့်ရဲ့ နောက်ဆုံး အချိန်ထိပေါ့ ပါဝင်သွားမယ်။ မတော်တဆ အဖမ်းခံခဲ့ရရင်လည်း တော်လှန်ရေးကို သစ္စာမဖောက်ဘူး။ တကယ်လို့ အဖမ်းခံထိခဲ့မယ် ဆိုရင်လည်း စိတ်ဓါတ်နဲ့ ဆက်ပြီးတော့ တော်လှန်နေမယ်။” (မသန္တာ)*

အခြေခံအမျိုးသမီးထုသည် အကြမ်းဖက်စစ်တပ်ကို ပြန်လည်တော်လှန်နိုင်မှသာလျှင် ဘဝလုံခြုံမည်ဟု ယုံကြည်ကြသဖြင့် ထုတ်ဖော်ပြောဆိုရန် အခါအခွင့်သင့်သည့်တိုင်း ၎င်းတို့၏ စားဝတ်နေရေး၊ လုံခြုံရေးနှင့် တရားမျှတမှုရရှိရေးထက် စစ်အာဏာရှင်ကို တော်လှန်ရန် လက်နက်အထောက်အပံ့များကိုသာ တောင်းဆိုကြသည်။

***“အစ်မအနေနဲ့ကတော့ တိုက်ခိုက်ရေးသမားတွေအတွက် လက်နက်အစစ်လေးတွေဘဲ တောင်းဆိုချင်တယ်။ လက်နက်အစစ်သာချပေးပါ။ သူတို့က ဒီလိုလှည့်သောင်းကျန်း နေတော့ ကိုယ့်ပြည်သူတွေက မျိုးချစ်စိတ် ကလေးရှိတော့ သူတို့အသက်တွေ စွန့်စားပြီး ခုခံနေတဲ့အချိန်မှာ သူတို့မှာ လက်နက်ချင်းက လုံးဝ မမျှပါဘူး။” (ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စုနေ အမျိုးသမီးတဦး)***

မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ အမျိုးသမီးများသည် မိမိတို့နေအိမ်များအား စစ်ကောင်စီတပ်မှ မီးရှို့ဖျက်ဆီးခဲ့သဖြင့် အိုးအိမ်များ ဆုံးရှုံးခဲ့ရသော်လည်း ပြည်သူ့ကာကွယ်ရေးတပ်သားများအား မိမိတို့စုဆောင်းထားသော ရွှေထည်ပစ္စည်းများကို လှူဒါန်းနေကြသည်အထိ ပါဝင်နေကြသည်။

အမျိုးသမီးများသည် ငွေဦးတော်လှန်ရေးအတွက်လိုအပ်သည့် ရန်ပုံငွေရှာရန်အတွက် ‘click to donate’ ကဲ့သို့ သော အွန်လိုင်းလှုပ်ရှားမှုများကိုလည်း တက်ကြွစွာပါဝင်ခဲ့ကြသည်ကို

ကီးဘုတ်ဖိုက်တာတစ်ဦးဖြစ်သည့် အသက် (၂၅) နှစ်အရွယ် မဇင်မေက –

*“နွေဦးတော်လှန်ရေးမှာ ငွေအားဖြင့် ကူညီသလို clicker အနေနဲ့လဲ ပါဝင်ဖြစ်ပါတယ်။ တခြားသူတွေကိုလဲ ပါဝင်ပေးဖို့ လှုံ့ဆော်ပေးပါတယ်။ စကစရဲ့စီးပွားရေးကိုလည်း ဆေးလိပ်တစ်လိပ်ကအစ အားမပေးပါဘူး”*

ဟု သူမ၏ နွေဦးတော်လှန်ရေးတွင် ပါဝင်မှုအား ပြောပြပါသည်။ ထို့အပြင် ကလစ်ကာများ၏ အရေးပါပုံကိုလည်း သူမက ယခုလို ရှင်းပြသည်။

*“Clicker တစ်ယောက်ဟာ တော်လှန်ရေးအတွက် အရေးပါတယ်လို့ ဆိုချင်ပါတယ်။ လူတိုင်းတောထဲလက်နက် ကိုင်နေရင် လိုအပ်တဲ့ အသုံးစရိတ်စီးဆင်းမှုနည်းနိုင်ပါတယ်။ ဒီနေ့အချိန်အထိ တော်လှန်ရေးအရှိန်လျော့မသွားတာကလဲ clicker တွေရဲ့ အင်အားတွေကြောင့် ဖြစ်တယ်ဆိုတာ ငြင်းလို့မရပါဘူး။”*

ဒီဂျီတယ်ပိုင်းမှ ပါဝင်နေသူများသည် စကစ၏ စစ်ဆေးရေးဂိတ်များတွင် ခရီးသွားလာသူများအား မိုဘိုင်းဖုန်းများ အပါအဝင် တင်းကြပ်သည့် စစ်ဆေးမှုများ ပြုလုပ်နေသဖြင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ၏ လူမှုကွန်ယက် စာမျက်နှာများအား like လုပ်ရုံဖြင့်လည်း အချိန်မရွေး ဖမ်းဆီးခံရနိုင်ကြောင်းလည်း သူမက ဆက်ပြောပါသည်။

လူထုတော်လှန်ရေး ဖော်ဆောင်ရာတွင် နေ့တစဥ္စ စားဝတ်နေရေးအတွက်ပါ ရုန်းကန်နေရသည့် အခြေခံအမျိုးသမီး များ၏ အခန်းကဏ္ဍသည် လူထုတော်လှန်ရေးတွင် အရေးပါသဖြင့် သမိုင်းမှတ်တမ်းထားရမည်ဖြစ်သည်။

“

နွေဦးတော်လှန်ရေးပြီးတဲ့ထိ ကိုယ်နိုင်တဲ့ဘက်ကနေ
ပါဝင်သွားပါမယ်။ နိုင်အောင်မတိုက်နိုင်ရင် အနာဂတ်မျိုးဆက်တွေက
ခုလိုနှိပ်စက်မှု ဆိုးဝါးမှုတွေကို ပိုပြီးခံစားရမှာဆိုတော့ ညီမတို့လက်ထက်မှာ
ပြတ်သုန်းသွားမှရမှာမို့ ဆက်တိုက်သွား မှာပါ။ (မအိ- အမည်လွှဲ)

”

## (ခ) အလုပ်သမအမျိုးသမီးများ၏ ပါဝင်မှု

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလည်ပတ်ရာတွင် စက်ရုံအလုပ်ရုံများသည် အဓိက ကျပြီး စက်ရုံအလုပ်ရုံများ မလည်ပတ်နိုင်ပါက အစိုးရယန္တယားများလည်း ရပ်တန့် သွားမည် ဖြစ်သည်။

နွေဦးတော်လှန်ရေးတွင် တက်ကြွစွာပါဝင်ခဲ့သည့် အလုပ်သမားအမျိုးသမီး ခေါင်းဆောင်များအား အကြမ်းဖက်စစ်တပ်မှ နိုင်ငံတော်ပုန်ကန်မှုဖြင့် ဝရမ်းထုတ်ခဲ့သည့် အပြင် ၎င်းတို့၏ နိုင်ငံကူးလက်မှတ်များကိုလည်း ပယ်ဖျက်ထားကြောင်း CTUM (မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်)၏ ဗဟိုအလုပ်အမှုဆောင်တစ်ဦး ဖြစ်သည့် မဖြိုးစန္ဒာစိုးမှ အောက်ပါအတိုင်း ပြောပြခဲ့သည်။

*"ကျမတို့ ဗဟိုအလုပ်အမှုဆောင်အားလုံးကို ၁၂၄(က) နိုင်ငံတော်ပုန်ကန်မှုနဲ့ ဝရမ်းထုတ်ထားပါတယ်။ ကျမတို့ရဲ့ ပါတ်စပို့တွေအားလုံးကိုလည်း ပျက်ပြယ်ကြောင်း ကြေငြာထားပါတယ်။"*

အမျိုးသမီးအလုပ်သမများသည် အနာဂတ်မျိုးဆက်သစ်များ လုံခြုံငြိမ်းချမ်းရေး အတွက် ရည်ရွယ်လုပ်ဆောင်နေကြကြောင်း ယခုလိုပြောပြခဲ့သည်။

*"နွေဦးတော်လှန်ရေးပြီးတဲ့ထိ ကိုယ်နိုင်တဲ့ဘက်ကနေ ပါဝင်သွားပါမယ်။ နိုင်အောင်မတိုက်နိုင်ရင် အနာဂတ်မျိုးဆက်တွေက ခုလိုနှိပ်စက်မှု ဆိုးဝါးမှုတွေကို ပိုပြီးခံစားရမှာဆိုတော့ ညီမတို့လက်ထက်မှာ ပြုတ်သုန်းသွားမှရမှာမို့ ဆက်တိုက်သွား မှာပါ။" (မအိ- အမည်လွှဲ)*

တော်လှန်ရေးအတွင်း လမ်းပေါ်ထွက်ဆန္ဒပြမှုများ မလုပ်နိုင်သော်လည်း တတ်နိုင်သည့်ဘက်မှ ပါဝင်နိုင်မည့် နည်းလမ်းများကို မထက် (အမည်လွှဲ) မှလည်း -

*"ကိုယ့်ရဲ့စိတ်ဆန္ဒတွေကြောင့် နွေဦးတော်လှန်ရေးမှာ ပါဝင်တာဖြစ်တဲ့အတွက် စစ်အာဏာရှင် အမြစ်ပြတ် ပြုတ်ကျတဲ့အထိ ပါဝင်သွားမယ်။ လက်နက်ကိုင်မှ သပိတ်ပါမှ တော်လှန်ရေး မဟုတ်ဘူး၊ MYTEL မသုံးဘူးဆိုရင်တောင် ဒါက တော်လှန်ရေးမှာ ပါဝင်နေတာဖြစ်တယ်"* ဟု ဝေမျှခဲ့သည်။

စက်ရုံအလုပ်သမတစ်ဦးဖြစ်သူ မစိုးစိုး (အမည်လွှဲ) မှလည်း သူမ၏ အဝန်းအဝိုင်း အတွင်း စစ်တပ်ထုတ်ကုန်များ အသုံးမပြုရေးလှုပ်ရှားမှုများကို တနိုင်တပိုင် စည်းရုံးလှုံ့ဆော်နေကြောင်း အောက်ပါအတိုင်း ပြောပြခဲ့သည်။

*"လတ်တလောကာလက တစ်ယောက်ထဲတောင် စားဖို့ပူနေရတယ်။ အလုပ်လုပ်နေတာက စားဝတ်နေရေးအတွက် အလုပ်ဆင်းတာဖြစ်တယ်။ မိုင်တဲစင်းကတ်ကို မသုံးဘူး၊ အသိတွေထဲက သုံးရင်တောင်မသုံးဖို့ ပြောတယ်။ တတ်နိုင်သလောက် ထောက်ပံ့ပေးတယ်"*

စက်ရုံအလုပ်ရုံများမှ အမျိုးသမီးများသည် မတည်ငြိမ်သည့် နိုင်ငံရေးအခြေအနေများ ကြောင့် အဖက်ဖက်မှ ကြပ်တည်းနေချိန်အထိ မိမိတတ်နိုင်သည့်ဘက်မှ ဆက်လက် ပါဝင်သွားရန် သံဓိဋ္ဌာန်ချထားကြသည်။

*"ကိုယ့်အခွင့်အရေးကို ကိုယ်တိုင်တိုက်ပွဲဝင်မှ ဖြစ်မယ်။ သူများပါနေရုံနဲ့မပြီးဘူး။ ကိုယ်တိုင်ပါဝင်မှ ဖြစ်မယ်၊ သူများပါနေရုံနဲ့မရဘူး။ ငါတို့စားဝတ်နေရေးကြောင့်ဆိုပြီး ဒီအတိုင်းနေလိုက်လို့ မရဘူး။ စစ်တပ်ထုတ်ကုန်တွေကို မသုံးတာမျိုး၊ သတ်မှတ် နေရာတွေကို မသွားတာမျိုးတွေနဲ့ နိုင်တဲ့ဘက်ကနေ ပါဝင်လို့ရတယ်" (မထက်-အမည်လွှဲ – အထည်ချုပ်စက်ရုံ)*

"ကိုယ့်အခွင့်အရေးကို ကိုယ်တိုင်တိုက်ပွဲဝင်မှ ဖြစ်မယ်။

ကိုယ်တိုင်ပါဝင်မှ ဖြစ်မယ်၊ သူများပါနေရုံနဲ့မရဘူး။ ငါတို့စားဝတ်နေရေး

ကြောင့်ဆိုပြီး ဒီအတိုင်းနေလိုက်လို့ မရဘူး။ စစ်တပ်ထုတ်ကုန်တွေကို

မသုံးတာမျိုး၊ သတ်မှတ် နေရာတွေကို မသွားတာမျိုးတွေနဲ့ နိုင်တဲ့ဘက်ကနေ

ပါဝင်လို့ရတယ်" (မထက်-အမည်လွှဲ - အထည်ချုပ်စက်ရုံ)

## (ဂ) အစိုးရဝန်ထမ်း အမျိုးသမီးများ၏ပါဝင်မှု

အစိုးရဝန်ထမ်းများအနေဖြင့် လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) လုပ်ခြင်းအားဖြင့် အစိုးရယန္တရားများ ရပ်တန့်သွားစေနိုင်သည်။ ကျန်းမာရေးနှင့်ပညာရေးဌာနမှ ဝန်ထမ်းများသည် လှုပ်ရှားမှုတွင် အရှိန်အဟုန်ဖြင့်ပါဝင်ခဲ့သည့်အတွက် စစ်ကောင်စီသည် အစိုးရယန္တရားများကို အပြည့်အဝ မထိန်းချုပ်နိုင်ခဲ့ပေ။

သူနာပြုဆရာမ နော်တနာထူးမှ အဆိုးဆုံးအန္တရာယ်ဖြစ်သည့် စစ်ကောင်စီ၏ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းတို့ကို ခံရနိုင်ကြောင်း ကြိုတင်တွေးထားပြီး CDM ဝင်ရန် ဆုံးဖြတ်ခဲ့ပုံကို ယခုလိုရှင်းပြခဲ့သည်။

*"စစ်အာဏာရှင်တွေကို မကြိုက်လို့ တော်လှန်ချင်လို့ CDM လုပ်ဖို့ဆုံးဖြတ်ခဲ့တာပါ။ ဘာလို့လဲဆိုတော့ ကျမတို့ရဲ့ နောက်မျိုးဆက်တွေကို ကျမတို့လို ဆက်ပြီးမခံစားစေချင်ဘူး၊ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ လိုချင်တယ်"*

သူမသည် ကရင်နီပြည်နယ်ရှိ သူနာပြုများအားလုံးပါဝင်ဖွဲ့စည်းထားသည့် Karenni Nurse Association (KNA) တွင် ဆက်လက်တာဝန်ထမ်းဆောင်နေသည်။

အစိုးရနည်းပညာအထက်တန်းကျောင်းမှ CDM လုပ်နေသည့် ဆရာမတစ်ဦးမှလည်း CDM လုပ်ရန် ဆုံးဖြတ်ရသည့် အခြေအနေကို ဤသို့မျှဝေခဲ့သည်။

*"သူတို့လက်အောက်မှာတော့ မလုပ်ချင်ဘူး။ ကိုယ့်သားသမီးတွေကိုလည်း ဒီလိုဘဝမျိုး မဖြစ်စေချင်ဘူး။ ဒီဟာ 'ကျက် – အောင်' စနစ်ကို မကြိုက်လို့ ဝင်ဖြစ်တာပါ"*

အစိုးရဌာနတခုဖြစ်သည့် ရဲဌာနမှ ရဲဝန်ထမ်းများ CDM လုပ်ရာတွင် တပ်မတော်သားများ ကဲ့သို့ပင် ကြီးမားသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသည်။ ရဲပြေးအဖြစ် ဝရမ်းထုတ်ခံရလျှင် နောက်ဆက်တွဲ ပြစ်မှုပြစ်ဒဏ်များမှာ ကြီးလေးသည့်အပြင် မိသားစုဝင်များပေါ်တွင်လည်း ဘေးအန္တရာယ်ကျရောက်နိုင်သည်။ မိသားစုအား မိမိတို့လစာဖြင့် ထောက်ပံ့နေရသူများ အတွက်ဆိုလျှင် ပို၍ခက်ခဲသည်။ ကရင်နီပြည်နယ်၊ ရဲတပ်ဖွဲ့မှ ရဲမေက ၎င်း၏ရွာတွင်

သူမအား နေ့စဉ်တမ်းတနေမည့် ကိုယ်တပိုင်းလေဖြတ်နေသည့် ဖခင်အားချန်ထားခဲ့ရသည်။ သူမက –

*"အာဏာရှင်တွေရဲ့ အာဏာရှင်ဆန်ဆန် အုပ်ချုပ်မှုတွေအောက်မှာ အလုပ်မလုပ်ချင်ဘူး။ အဲဒါကြောင့် CDM လုပ်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ပြည်သူကပေးတဲ့ လစာယူထားတဲ့အတွက် ပြည်သူ့ရဲပဲ လုပ်မှာပါ။ အမှားအမှန် မခွဲခြားနိုင်ပဲ အမိန့်အောက်မှာ လုပ်နေရမယ့် အခြေအနေမျိုး မလိုလားဘူး။ မလုပ်ချင်ပါဘူး" (ရဲမေ မိရှာ)* ဟုပြော သည်။

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၂၅)ရက်နေ့တွင် ကရင်နီပြည်နယ်ရဲတပ်ဖွဲ့ – KSP အား ဖွဲ့စည်းကြောင်း ကရင်နီပြည်နယ် အတိုင်ပင်ခံကောင်စီမှ ထုတ်ပြန်ခဲ့ပြီး ၎င်းရဲတပ်ဖွဲ့တွင် CDM ရဲမေ (၃၀) ရာခိုင်နှုန်းခန့် ရှိသည်ဟု သိရှိရသည်။

CDMလှုပ်ရှားမှုတစ်နှစ်ကျော်လာသည်နှင့်အမျှပါဝင်နေသည့်ဝန်ထမ်းများသည်စိန်ခေါ်မှုနှင့် အခက်အခဲများကို ရင်ဆိုင်လာကြရသည်။ စစ်ကောင်စီမှ လိုက်လံဖမ်းဆီးမှုများကြောင့် မိဘများ၏နောက်ဆုံးအချိန်တွင် အိမ်သို့ မပြန်နိုင်သူများ၊ ဝန်ထမ်းလစာဖြင့်သာ ရပ်တည်နေကြသဖြင့် စားဝတ်နေရေး ကြပ်တည်းမှုများ၊ ရင်ခွင်ပိုက် ကလေးငယ်များအား ခွဲခွာခဲ့ရခြင်းများ စသဖြင့် ဘက်ပေါင်းစုံမှ အကြပ်အတည်းများ ရင်ဆိုင်နေရသည်။

*"နောင်လာမဲ့ မျိုးဆက်တွေကို ဒီလိုမျိုးမကြုံစေချင်ဘူး။ နောက်ပြီး ကျမကလေးကိုလည်း non CDM သားသမီးပါလို့ မျက်နှာမငယ်စေချင်ဘူး။ စိန်ခေါ်မှုတွေတော့ များပါတယ်။ ကလေးနဲ့ခွဲခွာရတဲ့ အခိုက်အတန့်တော့ ရှူးမတတ်ပါပဲ။ ကိုယ့်ကိုကိုယ်ပြန်ဖြေသိမ့်တဲ့ စကားတခွန်းတော့ရှိတယ်၊ ကလေးဂုဏ်ယူရတဲ့ အမေတစ်ယောက် ဖြစ်ဖို့ဆိုတာပါပဲ"*

ဟု ဒီမော့ဆိုမြို့မရဲစခန်းမှ အထွေထွေရဲတပ်သားတာဝန်ထမ်းဆောင်ခဲ့သည့် ရဲမေ(၈၆) (အမည်လွှဲ) မှလည်း သူ၏ခံစားချက်များကို ပြောပြခဲ့သည်။

*"အိမ်မှာ အဖေအမေနဲ့ ကျမပဲရှိပါတယ်။ အဖေက လွှိုင်ကော်မှာ အရေးပေါ်ဖြစ်ပြီး ဆုံးသွားပြီ။ အိမ်ဟောင်းလေးထဲမှာ အမေအိုတစ်ယောက်ဘဲရှိတော့ ထမင်းလဲနပ်မှန်အောင်*

*စားဖြစ်မယ်မထင်ပါဘူး။ အရေးတော်ပုံကြီးအောင်သွားရင် အမေနဲ့ အိမ်အိုလေးမှာ သီချင်းလေးဖွင့်ပြီး အပျော်ဆုံးဖြစ်အောင် နေချင်ပါတယ်" (ရဲမေ မိရှာ)*

*"မိသားစုစားဝတ်နေရေးလည်း ခက်ခဲလာသလို ကျမတို့မှာ အိမ်လည်းပြန်လို့မရ၊ မိသားစုတွေ တကွဲတပြား ဖြစ်ကုန်တယ်။ စစ်ရှောင်ရတာကြာလာတော့ စိတ်ဓာတ်တွေလည်း အခါခါကျပါတယ်။ ဒါပေမဲ့ ကျမတို့ထက် အသက်ပေးဆပ်နေကြတဲ့သူတွေ၊ မိသားစုဝင် ဆုံးရှုံးရတဲ့သူတွေထက်စာရင် ကျမတို့က သူတို့လောက်မခက်ခဲသေးဘူးလို့ပဲ စိတ်ဖြေရတယ်။"(နော်တနာထူး – သူနာပြု)*

စစ်တပ်အတွင်း တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သား ဇနီးမယားများ၏ အရေးကြီးသည့် အခန်းကဏ္ဍကိုလည်း နွေဦးတော်လှန်ရေးတွင် မြင်တွေ့နိုင်သည်။ စစ်တပ်တာဝန်မှ ရပ်တန့်၍ CDM လုပ်ဆောင်ရန် ဇနီးမယားများက စည်းရုံးဖျောင့်ဖျခဲ့ကြပြီး ခင်ပွန်းများလုံခြုံရာသို့ ရောက်ရှိသည်အထိ လုပ်ဆောင်ခဲ့ကြသည်။

*"အများကြီးပံ့ပိုးခဲ့ပါတယ်။ အန္တရာယ်ကင်းတဲ့ ခရီးစဉ်ဖြစ်ဖို့ သတင်းအချက်အလက်တွေ၊ လိုအပ်တာတွေရော၊ ကလေးအတွက် လိုအပ်တဲ့ဆေးပစ္စည်းမှအစ ကိုယ့်ခင်ပွန်း အတွက်ရော ကြိုတင်စဉ်းစားပြီးတော့ စီစဉ်ခဲ့ပါတယ်။"*

ဆေးဗိုလ်ကြီး၏ဇနီး မဝင့်ဝါမှ သူမမိသားစု၏ CDM ခရီးစဉ်အတွက် ပြင်ဆင်ခဲ့ပုံကို ပြောပြခဲ့သည်။

*"စစရောက်ချင်း ကြောက်တာရော အသိတွေလည်း မရှိတာကြောင့် (၂)ရက်၊(၃)ရက်က ဘဝကြီးအဓိပ္ပါယ်မဲ့သွားသလိုပါပဲ။ စားစရိတ်ပြတ်ခါနီး၊ အိမ်ငှားခပေးခါနီးဆို အရမ်း စိတ်ပူပြီး ငိုရတဲ့အထိပါ။ ပြည်သူတွေရဲ့ အားပေးမှုနဲ့ ကျမသမီးလေးအတွက် ရှင်သန်ရမယ် ဆိုတဲ့စိတ်နဲ့ အရာအားလုံးကျော်ဖြတ်နိုင်ခဲ့ပါတယ်။"*

အကြမ်းဖက်စစ်တပ်၏ လူမဆန်သည့်ဖမ်းဆီး၊ ညှဉ်းပမ်း၊ နှိပ်စက်၊ သတ်ဖြတ်မှုများကြောင့် ပြည်သူများမှ တပ်မတော်သားများအား မုန်းတီးနေသည့်အခြေအနေတွင် စွန့်စား၍ CDM

လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဗိုလ်ကြီးစနေ ၏ဇနီးမှ ပြောပြခဲ့သည်။

*"ညီမကိုယ်တိုင် CDM လုပ်ဖို့ သူ့ကို တိုက်တွန်းခဲ့တာပါ။ CDM လုပ်မှပဲ တပ်ကနေ ထွက်လို့ရမယ်ဆိုတဲ့ အကြောင်း နားချတိုက်တွန်းခဲ့ရတာပေါ့နော်။ ပြီးတော့ သူကိုယ်တိုင် ကလည်း သူ့မျက်စိရှေ့မှာတင် မတရား ဖမ်းဆီးတာတွေ၊ ရိုက်နှက်နေတာတွေကို တွေ့တဲ့အခါမှာ ဒီတပ်ကိုစွန့်ခွါတော့မယ်၊ ဆက်နေရင် တနေ့ဒါမျိုးတွေ လုပ်လာရမယ် ဆိုပြီးတော့ ဒီလိုဆုံးဖြတ်ခဲ့တယ်။"*

CDM လုပ်ဆောင်ရာတွင် ကြုံလာနိုင်သည့် စိန်ခေါ်မှုများကို ကြိုတင် စဉ်းစားထားကြောင်းနှင့် သူမ၏ ဆုံးဖြတ်ချက် မှန်ကန်ခဲ့ကြောင်းကို ရန်ကုန်တိုင်း စစ်ဌာနချုပ်၏ မှတ်တမ်းဌာနခွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်ကြပ်ကြီး စာရေး ကလည်း ပြောသည်။

*"CDM စလုပ်တည်းက ငါပြန်လို့မရဘူးဆိုတာ တွေးထားပြီးသားပါ။ CDM လုပ်တာကျတော့ ပြစ်ဒဏ်ပိုကြီးတယ်လေ၊ နိုင်ငံတော်ပုန်ကန်မှုဆိုပြီး အနှစ် (၂၀) ထောင်ချတာတွေလည်း ရှိတယ်။ နောက်ပိုင်း စစ်တပ်က ပိုဆိုးလာတယ်။ ရွာမီးရှို့ဖျက်ဆီးတာတွေ တွေ့ရတော့ လူတွေကို ဒုက္ခပေးနေတဲ့အဖွဲ့အစည်းကြီးမှာ ငါမရှိတော့ဘူးဆိုပြီး ကိုယ့်ဆုံးဖြတ်ချက် မှန်ကန်ခဲ့တာကို ကျေနပ်ပါတယ်"*

CDM လုပ်၍ပြည်သူနှင့်အတူ ရပ်တည်နေကြသည့် တပ်မတော်သားမိသားစုဝင်များမှ ကျန်ရှိနေသည့် တပ်မတော်သားများကိုလည်း CDM လုပ်ဆောင်ကြရန် တိုက်တွန်း ထားသေးသည်။

*"ကျမဆို တပ်ထဲမှာမွေး၊ တပ်ထဲမှာပဲကြီးပြင်း၊ အရာရှိကတော်ဖြစ်တဲ့အထိ တပ်ထဲမှာပဲ ရှင်သန်ခဲ့တာပါ။ မတရားတာကို သည်းမခံနိုင်လို့ ဒီလမ်းကိုရွေးခဲ့ပါတယ်။ ကိုယ့်သားသမီးတွေရဲ့ အနာဂတ်ကိုလည်း တွေးကြစေချင်ပါတယ်။ ခုချိန်တွေ့ရမယ့် အခက်အခဲတွေဆိုတာ နောင်တချိန်ကြုံရမဲ့ ပျော်ရွှင်မှုပါလို့ ပြောချင်ပါတယ်"* ဟု CDM ဗိုလ်ကြီးစနေ၏ ဇနီးက ပြောသည်။

နွေဦးတော်လှန်ရေးအတွင်း ပေးဆပ်မှုကြီးမားသည့် CDM များသည် အချိန်ကြာလာသည်နှင့်အမျှ မီဒီယာများတွင် ဖော်ပြမှု၊ အာရုံစူးစိုက်မှုတို့ မှေးမှိန်လာသည်။ သို့သော် စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ်ရန် CDM ဝန်ထမ်း များသည် အခက်အခဲများကြားမှ ကြံ့ကြံ့ခံ အံတုနေဆဲဖြစ်ပြီး CDM လုပ်ခဲ့သည့် ၎င်းအမျိုးသမီးများ၏ စွန့်လွှတ်၊ စွန့်စားရဲသည့် သတ္တိများကိုလည်း မှတ်တမ်းတင်ထားရပေမည်။

“အိမ်မှာ အဖေအမေနဲ့ ကျမပဲရှိပါတယ်။ အဖေက လှိုင်ကော်မှာ အရေးပေါ်ဖြစ်ပြီး ဆုံးသွားပြီ။ အိမ်ဟောင်းလေးထဲမှာ အမေအိုတစ်ယောက်ဘဲ ရှိတော့ ထမင်းလဲနပ်မှန်အောင် စားဖြစ်မယ်မထင်ပါဘူး။ အရေးတော်ပုံကြီးအောင်သွားရင် အမေနဲ့ အိမ်အိုလေးမှာ သီချင်းလေးဖွင့်ပြီး အပျော်ဆုံးဖြစ်အောင် နေချင်ပါတယ်” (ရဲမေ မိရှာ)

“မိသားစုစားဝတ်နေရေးလည်း ခက်ခဲလာသလို ကျမတို့မှာ အိမ်လည်းပြန်လို့မရ၊ မိသားစုတွေ တကွဲတပြား ဖြစ်ကုန်တယ်။ စစ်ရှောင်ရတာကြာလာတော့ စိတ်ဓာတ်တွေလည်း အခါခါကျပါတယ်။ ဒါပေမဲ့ ကျမတို့ထက် အသက်ပေးဆပ်နေကြတဲ့သူတွေ၊ မိသားစုဝင် ဆုံးရှုံးရတဲ့ သူတွေထက်စာရင် ကျမတို့က သူတို့လောက်မခက်ခဲသေးဘူးလို့ပဲ စိတ်ဖြေရတယ်။” (နော်တနာထူး - သူနာပြု)

“ကျမဆို တပ်ထဲမှာမွေး၊ တပ်ထဲမှာပဲကြီးပြင်း၊ အရာရှိကတော်ဖြစ်တဲ့အထိ တပ်ထဲမှာပဲ ရှင်သန်ခဲ့တာပါ။ မတရားတာကို သည်းမခံနိုင်လို့ ဒီလမ်းကို ရွေးခဲ့ပါတယ်။ ကိုယ့်သားသမီးတွေရဲ့ အနာဂတ်ကိုလည်း တွေးကြစေချင်ပါတယ်။ ခုချိန်တွေ့ရမယ့် အခက်အခဲတွေဆိုတာ နောင်တချိန်ကြုံရမဲ့ ပျော်ရွှင်မှုပါလို့ ပြောချင်ပါတယ်” (CDM ဗိုလ်ကြီးစနေ ၏ ဇနီး)

## (ဃ) လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးများပါဝင်မှု

လက်ရှိ တော်လှန်ရေးကာလတွင် စစ်တပ်၏ အဓိကပစ်မှတ်ထားခြင်းခံရသူများမှာ ၎င်းတို့အား အမြဲတစေ ပုံစံမျိုးစုံဖြင့် ဆန့်ကျင်နေသည့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများကိုလည်း ဖမ်းဆီးနှိပ်စက်ကာ အမျိုးသမီးများ၏ နိုင်ငံရေးနိုးကြားတက်ကြွမှုများအား လျော့ကျသွားစေရန် လုပ်ဆောင်နေပြီး စစ်ကြောရေးစခန်းများတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကိုပါ ရင်ဆိုင်နေရသည်။

Myanmar Pressphoto Agency ၏ သတင်းအရင်းအမြစ်အရ ၂၀၂၁ ခုနှစ်၊ မေလအတွင်း ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့တွင် သမီးဖြစ်သူကို စစ်ကြောရေးဝင်စဉ် တပ်ရင်းမှူးကိုယ်တိုင် ရင်သားများကိုင်တွယ်ခြင်း၊ သားပြော၊ မယားပြော ပြောဆိုခြင်းတို့ကို ဖခင်ဖြစ်သူရှေ့တွင်ပင် ပြောင်ပြောင်တင်းတင်း ပြုလုပ်နေသည်ကို မြင်တွေ့ခဲ့ရသည်ဟု အဆိုပါကာလတွင် အဖမ်းခံထားရသည့် မအူပင်မြို့ခံတစ်ဦးမှ အောက်ပါအတိုင်း ပြောသည်။[1]

***"စစ်နေတာက တပ်မ (၁၁) လက်အောက်ခံ၊ တပ်ရင်း ၂၁၆ တပ်ရင်းမှူး ဒုဗိုလ်မှူး သက်လွင်ဦး ကိုယ်တိုင် စစ်တာ။ ကလေးမလေးက အလွန်ဆုံး ၁၈ နှစ်လောက်ပဲ ရှိမယ်။ စစ်ကြောရေးက ရဲစခန်းထဲမှာပဲ စစ်တပ်က စစ်တာ"*** ဟု ၎င်းကိုယ်တိုင် မြင်တွေ့ခဲ့ရသည်ကို ထုတ်ဖော်ပြောသည်။

ထို့သို့ စစ်တပ်၏ အကြမ်းဖက်လုပ်ဆောင်ချက်များကပင် အမျိုးသမီးများ နွေဦးတော်လှန်ရေး အောင်မြင်သည်အထိ ဆက်လက်တိုက်ပွဲဝင်ရန် တွန်းအားတခု ဖြစ်ခဲ့သည်ဟု လက်ရှိရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ အလုပ်အမှုဆောင်တစ်ဦးလည်းဖြစ်၊ တကသများရန်ကုန်၏ ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည့် အမျိုးသမီးမဟာမိတ် အင်အားစု၏ အဖွဲ့ဝင် **"N"** မှ အောက်ပါအတိုင်း ပြောပြခဲ့သည်။

1 *Myanmar Pressphoto Agency, 13th May 2022.* *https://www.facebook.com/mmpressphoto/posts/7484860881554874?_rdc=1&_rdr*

*“တော်လှန်ရေးထဲ ဘာလို့ပါဝင်ဖြစ်တာလဲလို့မေးရင် မြန်မာနိုင်ငံမှာ ထပ်တလဲလဲ ကြုံနေရ၊ ကြုံခဲ့ရတဲ့ အာဏာသိမ်းမှုရဲ့ ဆိုးကျိုးကို လက်တွေ့သိမြင်ခံစားခဲ့ရလို့လို့ ဖြေရမှာပါပဲ။ နယ်မြေအနှံ့မှာ မတရား ဖိနှိပ်ဖမ်းဆီး သတ်ဖြတ်တာတွေကို မျက်ဝါးထင်ထင် တွေ့ကြုံရတဲ့အခါ ကျွန်တော်တို့မှ ဒီအာဏာရှင်စနစ်ကို မတိုက်ဖျက်ရင် ဒီဝါဒ သက်ဆိုးရှည်နေသရွေ့ နောက်မျိုးဆက်တွေ ဆက်ခံစားနေရဦးပဲဆိုတာကို သိမြင်လာ တယ်။”*

အမျိုးသမီးမဟာမိတ်အင်အားစုအဖွဲ့၏ ကလေးမြို့ အမျိုးသမီးသပိတ်ခေါင်းဆောင်တစ်ဦး ကလည်း ၎င်းအနေဖြင့် နိုင်ငံရေးကို နားမလည်သော်လည်း နွေဦးတော်လှန်ရေးတွင် ပါဝင်ဖြစ်ခဲ့ပုံကို ယခုလို ပြောပြပါသည်။

*“အစောပိုင်းကတော့ နိုင်ငံရေးကို နားမလည်ဘူးဆိုပြီး မပါဝင်ခဲ့ဘူး။ ပြည်သူတွေကို လက်နက်နဲ့ အကြမ်းဖက် လာတာကို မျက်မြင်ကိုယ်တွေ့ မြင်ရတဲ့အချိန်မှာ နိုင်ငံရေးကို နားလည်စရာ မလိုတော့ဘဲ ကိုယ်တတ်နိုင်သရွေ့ ထမ်းရွက်မယ် ဆိုတဲ့စိတ်နဲ့ ပါဝင်ဖြစ်ခဲ့ တာပါ”*

အမျိုးသမီးများဖြစ်သည့်အတွက် မိသားစုကိစ္စတွင် တာဝန်အရှိဆုံးဟူသော တရားသေ သတ်မှတ်ချက်များနှင့် နိုင်ငံရေးသည် အမျိုးသားများနှင့်သာ သက်ဆိုင်သည် ဟူသော အမြင်များက အမျိုးသမီးများနိုင်ငံရေးပါဝင်မှုကို အားနည်းစေသည့် အဓိကအဟန့်အတား ဖြစ်သည်။

အမျိုးသမီးမဟာမိတ်အင်အားစုအဖွဲ့၏ ကလေးမြို့၊ အမျိုးသမီးသပိတ်ခေါင်းဆောင် တစ်ဦးမှ ***“နင်က မိန်းကလေး အဲဒီလောက်အထိ မလုပ်နဲ့တော့၊ ဒီလောက်ဆိုတာဝန်ကျေပြီ။ နင့်မိသားစုမှာ နင်မရှိလို့မဖြစ်ဘူး”*** စသဖြင့် သူမ ၏ ပါဝင်မှုတလျှောက်လုံးတွင် ဂျန်ဒါအရ တိုက်ရိုက်ခွဲခြားဆက်ဆံခြင်း မဟုတ်သော်လည်း ထိုသို့ဖိအားပေးမှုများ ရှိကြောင်း သူမ၏အတွေ့အကြုံအား ဖလှယ်ခဲ့သည်။

သို့သော်လည်း မိမိတို့၏ရင်သွေးများကို တော်လှန်ရေးလုပ်ရန် ခွင့်ပြုပေးထားသည့် မိခင်များလည်း ရှိနေပါသည်။ အမျိုးသမီးမဟာမိတ်အင်အားစု၏ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် **"N"** မှ သူမ၏ တော်လှန်ရေးအတွင်း လှုပ်ရှားမှုများကို မိဘများမှ မကန့်ကွက်သော်လည်း တစ်ဦးတည်းသောသမီးဖြစ်သဖြင့် မိဘများနှင့် ခွဲခွာလာရသည်ကို ဝမ်းနည်းကြောင်း ဆိုပါသည်။

နွေဦးတော်လှန်ရေးတွင် ပါဝင်လာသည့် အမျိုးသမီးများမှာ စစ်အာဏာရှင်စနစ်ကို အမြစ်ပြတ်ချေမှုန်းရန်သာမက "ကျား၊ မ" ဖြစ်တည်မှုနှင့်ပတ်သက်၍ တရားသေအရိုးစွဲ သတ်မှတ်ချက်များ၊ ခွဲခြားဆက်ဆံမှုများ အားလုံးတို့ကို တပါတည်းအမြစ်ပြတ်ချေမှုန်းရန် လိုအပ်ကြောင်း ယုံကြည်ထားကြသည်။ ဂျန်ဒါအရ ခွဲခြား ဆက်ဆံခံရမှုများအား တပြိုင်နက်တည်း တိုက်ထုတ်သင့်ကြောင်းကို **"N"** မှ ယခုကဲ့သို့ ခိုင်မာစွာပြောဆိုခဲ့သည်။

*"နွေဦးတော်လှန်ရေးကို စခဲ့တာက စစ်အာဏာရှင်စနစ်တစ်ခုတည်းကို ဖြုတ်ချဖို့ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ အမြစ်တွယ်လာတဲ့ ဘာသာရေးအစွန်းရောက်မှုတွေ၊ ခွဲခြားမှုတွေ၊ တန်းတူညီမျှမှုမရှိခြင်းတွေ၊ နှိမ့်ချဆက်ဆံခြင်းတွေ စတဲ့လွဲမှားနေတဲ့ အတွေးအခေါ်ဟောင်းတွေကိုပါ တပါတည်း တိုက်ထုတ်ရမှာ ဖြစ်ပါတယ်။"*

ထို့ကြောင့် အမျိုးသမီးများ၏ထမီသည် ဘုန်းကံနိမ့်သည်ဟူသည့် ပုံစံခွက်အစွဲအလန်းများကို ဖျောက်ဖျက်ကြစေလိုသည့် ရည်ရွယ်ချက်ဖြင့် အမျိုးသမီးများသည် ၎င်းတို့၏ ထမီများကို နွေဦးအောင်လံအဖြစ် ဆန္ဒပြပွဲများတွင် လွှင့်ထူ အသုံးပြုခဲ့ကြသည်။

နွေဦးတော်လှန်ရေးပါဝင်မှုတလျှောက်တွင် အတိုက်အခံများ၊ အဟန့်အတားများ၊ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း စစ်အာဏာရှင်ကို အမြစ်ပြတ်ချေမှုန်းရန် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ အမျိုးသမီးများအနေဖြင့် လက်လျှော့မည် မဟုတ်ကြောင်းကို အမျိုးသမီးမဟာမိတ်အင်အားစုအဖွဲ့၏ ကလေးမြို့ အမျိုးသမီးသပိတ်ခေါင်းဆောင်မှ ယခုလိုပြောကြားသည်။

*"ခုလက်ရှိလုပ်နေရတာတော့ တော်တော်ကိုပင်ပန်းနေပါပြီ။ ဒါပေမယ့် နောက်ဆုတ်မယ်လို့ လုံးဝ မစဉ်းစားပါဘူး။ အခက်အခဲအများကြီးဖြတ်ကျော်ခဲ့ပြီးပြီ။ နစ်နာဆုံးရှုံးရတာတွေလဲ အများကြီးဘဲ။ အရှုံးနဲ့နောက်ဆုတ်လိုက်ရင် ငါတို့ ၂ ခါရှုံးမှာလေ"*

**"နွေဦးတော်လှန်ရေးကို စခဲ့တာက စစ်အာဏာရှင်စနစ်တစ်ခုတည်းကို ဖြုတ်ချဖို့ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ အမြစ်တွယ်လာတဲ့ ဘာသာရေး အစွန်းရောက်မှုတွေ၊ ခွဲခြားမှုတွေ၊ တန်းတူညီမျှမှုမရှိခြင်းတွေ၊ နှိမ့်ချဆက်ဆံခြင်းတွေ စတဲ့လွှဲမှားနေတဲ့ အတွေးအခေါ်ဟောင်းတွေကိုပါ တပါတည်း တိုက်ထုတ်ရမှာ ဖြစ်ပါတယ်။" ( N )**


ဘယ်(၇)ထိထိငါတို့နဲ့ ငြိတာပဲ
©AungKhantZaw



## (င) နိုင်ငံရေးပါတီဝင် အမျိုးသမီးများ၏ ပါဝင်မှု

၂၀၁၅ ခုနှစ်ရွေးကောက်ပွဲနောက်ပိုင်းတွင် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများမှာ ယခင်အချိန်နှင့် နှိုင်းယှဉ်ပါက ပိုမိုအားကောင်းလာပြီး တိုင်းရင်းသားဒေသများအား ကိုယ်စားပြုသည့် တိုင်းရင်းသားနိုင်ငံရေးပါတီများလည်း ပိုမိုပေါ်ပေါက်လာသည်။ အမျိုးသမီးများအနေဖြင့် ၎င်းတို့ယုံကြည်အားသန်ရာ နိုင်ငံရေးပါတီများတွင် ပါတီဝင်များ အဖြစ် ဒေသအသီးသီးရှိပြည်သူများ၏ နိုင်ငံရေးအမြင် ပိုမိုကျယ်ပြန့်လာစေရန် စည်းရုံးလှုံ့ ဆော်နိုင်ခဲ့ကြသည်။

၂၀၂၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အမတ်လောင်းဦးရေ (၆၉၆၉) ဦးရှိပြီး ၂၀၁၅ ရွေးကောက် ပွဲနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးအမတ်လောင်းအရေအတွက်သည် (၃၇) ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်။[2] သို့သော်လည်း ၂၀၂၀ ရွေးကောက်ပွဲရလာဒ်အား ဆန့်ကျင်ပြီး စစ်တပ်မှ အာဏာရန်သိမ်းကြိုးပမ်းခဲ့သည့်အတွက် ၎င်းအခြေအနေများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ (၁) ရက်နေ့မှစ၍ ပျက်စီးဆုံးရှုံးခဲ့ရသည်။ စစ်တပ်၏ အာဏာသိမ်း မှုကြောင့် နိုင်ငံရေးပါတီများ၏ လှုပ်ရှားမှုများအားလုံး ရပ်တန့်လိုက်ရပြီး စစ်အာဏာရှင် စနစ်အား ဆန့်ကျင်သည့် နိုင်ငံရေးပါတီများမှ ပါတီဝင်အများစုမှာ ထွက်ပြေးတိမ်းရှောင် နေကြရသည်။ အနိုင်ရပါတီဖြစ်သည့် NLD ခေါင်းဆောင်အများစုမှာလည်း ဖမ်းဆီး ထိန်းသိမ်းခံထားရသည်။ အချို့နိုင်ငံရေးပါတီဝင်များ၏ နေအိမ်များကိုလည်း ချိတ်ပိတ် သိမ်းယူခြင်းများ ပြုလုပ်နေသည်။

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင် ဒေါ်နှင်းနှင်းမွှေးမှ ***"၂၀၂၁ မတ်လ ၁၀ ရက်နေ့မှာ အခြားအမှုတွဲ (၂၇) ခုနဲ့အတူ ပုဒ်မ ၅၀၅ (က) အတပ်ခံရလို့ တိမ်းရှောင်နေရပြီးတော့ ၂၀၂၂၊ ဖေဖော်ဝါရီ (၁၈) ရက်နေ့မှာ စကစက နေအိမ်ကို ဝရမ်းလာကပ်ပြီး ချိတ်ပိတ်ခံရတယ်"*** ဟုဆိုသည်။

---

2 *International Women's Development Agency, 2nd Nov 2020. https://iwda.org.au/inside-the-womens-movement-sweeping-myanmars-election/*

ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီဝင် အမျိုးသမီးတစ်ဦးမှ လက်ရှိအာဏာသိမ်းရန် ကြိုးပမ်းမှုကာလအတွင်း ၎င်း၏ နိုင်ငံရေး လှုပ်ရှားမှုကို ယခုကဲ့သို့ပြောခဲ့သည်။

*"လူထုထဲဆင်းပြီး မလုပ်နိုင်တော့ဘူး။ အကြပ်အတည်းဆိုက်တယ်။ လူမှုရေးလှုပ်ရှားမှုတွေ လုပ်ပြီးဆိုရင်လည်း ပံ့ပိုးမှုအပိုင်းက low profile ပဲသွားရတာများတယ်။ ပါတီကိုယ်စားပြု ဆိုတာထက် အခုတော်လှန်ရေးမှာ တစ်ဦးတစ်ယောက်ချင်းစီက လုပ်ဆောင်နေတာ ဖြစ်ပါတယ်"*

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ ဒေါ်နှင်းနှင်းမွေးအနေဖြင့် လက်ရှိနွေဦးတော်လှန်ရေးတွင် ပါတီတွဲဖက် အထွေထွေအတွင်းရေးမှူးအဖြစ် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ (NUCC)၊ နိုင်ငံရေးပါတီများအစုအဖွဲ့တွင် လည်းကောင်း၊ Joint Coordination Committee (JCC) ကော်မတီနှစ်ခုတွင်လည်း ပါတီကိုယ်စားပါဝင်လျက် စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် ဆက်လက်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ရောဝတီတိုင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရပ်ကျေးပါတီဝင် မမြင့်ဦးမှလည်း

*"တော်လှန်ရေးမှာ အုတ်တချပ် သဲတစ်ပွင့်အနေနဲ့ မရရအောင် ပါဝင်မယ်လို့ စိတ်ထားပေမယ့် အန်တီ့မိသားစုကျတော့ အန်တီ့လို စိတ်မပြင်းဘူးလေ။ အဲဒီတော့ စိတ်သဘောထား မတိုက်ဆိုင်မှုတွေ ဖြစ်တယ်"* ဟု သူမ၏ အခက်အခဲများကို ရှင်းပြပါသည်။

*"အစကတည်းက အာဏာရှင်ကို လုံးဝအမြစ်ပြတ်ရေးဘဲ ရည်မှန်းထားတာဖြစ်တဲ့အတွက် တနေ့နေ့မှာ သူတို့အမြစ်ကို ပြတ်ရမယ်၊ ယုံလဲ ယုံကြည်တယ်။ အခုဆိုရင် တိုင်းရင်းသားတွေနဲ့ မြေပြန့်သားတွေနဲ့ အကုန်လုံး တစိတ်တည်း၊ တသွေးတည်း၊ တသားတည်း ဖြစ်ပြီလေ။ အန်တီကတော့ ယုံကြည်တယ်၊ ဒီတော်လှန်ရေးအောင်မှာ"* ဟု သူမက အခိုင်အမာ ပြောဆိုသည်။

ဒေါ်နှင်းနှင်းမွေးကလည်း နိုင်ငံရေးအင်အားစုများအကြား စုစည်းညီညွတ်မှုအားနည်း

နေခြင်းနှင့် ပါတီကြီး လူမျိုးကြီး အခြေခံအပေါ်စဉ်းစားချက်များရှိခြင်း၊ လက်နက်ကိုင် အစုအဖွဲ့များကြားတွင် စစ်ရေးကွပ်ကဲမှုစနစ် (Chain of Command) အားနည်းနေခြင်း၊ NUG အနေဖြင့် ဖက်ဒရယ်ချာတာကို လိုက်နာမှု အားနည်းနေသေးခြင်းနှင့် Social Influencer များ၊ Stakeholder များမှ မျှော်လင့်ချက် အမှားများ၊ လွဲမှားသော အယူအဆများ လူထုကြားတွင် တွင်တွင်ကျယ်ကျယ် ဖြန့်ဝေနေခြင်းတို့ကြောင့် လက်ရှိတာဝန်ယူလုပ်ဆောင်နေသည့် လုပ်ငန်းဆောင်တာများတွင် အခက်အခဲများ ရှိနေသည်ဟု ဆိုပါသည်။ ထို့အပြင် အာဆီယံ မူ(၅)ချက်၊ စစ်ကောင်စီ၏ အတုအယောင် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုနှင့် လမ်းပြမြေပုံအတိုင်း၂၀၂၃ ရွေးကောက်ပွဲ ပြုလုပ်မည်ဟူသည့် စစ်ကောင်စီ၏ ကြေညာချက်၊ NLDပါတီ၏ စု-ရွေး-လွှတ်မှု၊ စစ်ကောင်စီအား တော်လှန်နေသည့် နိုင်ငံရေးအင်အားစုများအကြား စုစည်းညီညွတ်မှု အားနည်းခြင်းနှင့် ဘဏ္ဍာရေးနှင့် လက်နက်လိုအပ်ချက် ကြီးမားခြင်းတို့မှာ တော်လှန်ရေးအတွက် အကြီးမားဆုံး စိန်ခေါ်မှုများဖြစ်နေကြောင်း ဖြည့်စွက်ပြောကြားသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် နိုင်ငံရေးပါတီဝင် အမျိုးသမီးများသည် စစ်အာဏာရှင် စနစ်တိုက်ဖျက်ရေးတွင် စွမ်းစွမ်းတမံ ဆက်လက်ပါဝင်နေသည်ကို မြင်တွေ့နိုင်ပေသည်။

*"လူထုထဲဆင်းပြီး မလုပ်နိုင်တော့ဘူး။ အကြပ်အတည်းဆိုက်တယ်။ လူမှုရေးလှုပ်ရှားမှုတွေ လုပ်ပြီးဆိုရင်လည်း ပုံပိုးမှုအပိုင်းက low profile ပဲ သွားရတာများတယ်။ ပါတီကိုယ်စားပြု ဆိုတာထက် အခုတော်လှန်ရေးမှာ တစ်ဦးတစ်ယောက်ချင်းစီက လုပ်ဆောင်နေတာ ဖြစ်ပါတယ်"*

*(ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီဝင် အမျိုးသမီး(၁)ဦး)*


KNDF B-05


KNDF B-05
KNDF
B-05


KNDF B-05

## (စ) လက်နက်ကိုင် ခုခံတော်လှန်ရေးတိုက်ပွဲတွင် အမျိုးသမီးများ၏ ပါဝင်မှု

အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်ပစ်ခတ်နှိမ်နင်းမှုများ၊ မတရားဖမ်းဆီးသတ်ဖြတ်မှုများနှင့် အသက်အိုးအိမ်စည်းစိမ်များကို မီးရှို့ဖျက်ဆီးမှုများကို စစ်ကောင်စီဘက်မှ အစီအစဉ်ချကာ စနစ်တကျပြုလုပ်လာသည်နှင့် တပြိုင်နက်တည်းပင် အကြမ်းဖက်စစ်တပ်အား လက်နက်ကိုင်၍ ပြန်လည်ခုခံတိုက်ခိုက်မှုများ အရှိန်မြင့်လာခဲ့သည်။ ထိုသို့စစ်ရေးတိုက်ပွဲဖြင့် ခုခံတွန်းလှန်နေသူများတွင် အလွှာအသီးသီးမှ အမျိုးသမီးများလည်း ပါဝင်လာသည်။

ကလေးမြို့နယ်၊ စက်မှုသိပ္ပံမှ ကထိက၊ ဌာနမှူးဖြစ်သည့် ဆရာမဒေါ်ရတီအုန်းက အာဏာသိမ်းကာလအစောပိုင်း ငြိမ်းချမ်းစွာဆန္ဒပြမှုများကို စစ်တပ်မှ အကြမ်းဖက်ပစ်ခတ်မှုများကြောင့် လက်နက်ကိုင်ခုခံတော်လှန်ရေးလုပ်ရန် ရွေးချယ်ခဲ့ရကြောင်း ဧရာဝတီသတင်းဌာနနှင့် အင်တာဗျူးရာတွင် ဖြေကြားခဲ့သည်။[3]

ထို့အပြင် ဒီဇိုင်းနာအလုပ်ကိုစွန့်၍ ကရင်နီဒေသတွင်းရှိ လက်နက်ကိုင်တော်လှန်ရေးတွင် ပါဝင်နေသည့် အမျိုးသမီးတစ်ဦးမှ ***"လက်နက်တွေကိုင်ပြီး ကျနော်တို့လို လက်နက်မရှိတဲ့သူတွေကို အနိုင်ကျင့်နှိပ်စက်တာမျိုးတွေ မခံမရပ်နိုင်ဖြစ်လို့ လက်နက်ကိုင်ဖို့ ဆုံးဖြတ်ခဲ့တာပါ"*** ဟု Burma News International – Myanmar Peace Monitor ၏ "ကရင်နီဒေသအတွင်း တိုက်ပွဲဝင်နေတဲ့ မန္တလေးက ရဲဘော်အမျိုးသမီးတစ်ဦးနဲ့ မေးမြန်းချက်" သတင်းဆောင်းပါးတွင် ဖော်ပြခဲ့သည်။[4]

အမျိုးသမီးများ လက်နက်ကိုင်လမ်းကြောင်းကို ပါဝင်လာခြင်းကြောင့် ပြည်သူ့ကာကွယ်ရေးတပ်များ ဖွဲ့စည်းရာတွင် အမျိုးသမီးသီးသန့် တပ်ခွဲတပ်ဖွဲ့များ တိုးချဲ့ ဖွဲ့စည်းလာသည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင် ပြည်သူ့

3 *The Irrawaddy, 6th Oct 2021.* *https://www.facebook.com/watch/?ref=saved&v=3146930225551681*

4 *Burma News International– Myanmar Peace Monitor, 4th Oct 2021.* *https://bit.ly/3QHqMeQ*

တော်လှန်ရေးတပ်မတော် (PRA) မှ အမျိုးသမီး (၅၁) ဦးပါဝင်သည့် အမျိုးသမီးသီးသန့် စစ်သင်တန်းကို စတင်ဖွင့် လှစ်ခဲ့သည်။[5]

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင်လည်း မြောင်မြို့နယ်၊ အမျိုးသမီးစစ်သည် ပြောက်ကျားအဖွဲ့ ဖွဲ့စည်းပြီးကြောင်း ကြေညာခဲ့သည်။ မြောင်အမျိုးသမီးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူမှ ၎င်းတို့ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်ကို Myanmar Pressphoto Agency တွင် အောက်ပါအတိုင်း ပြောကြားခဲ့သည်။[6]

***"နွေဦးတော်လှန်ရေးရဲ့ အောင်မြင်မှုမှာဆိုရင် စစ်အာဏာရှင်ကျဆုံးဖို့ ဖြစ်တယ်။ နောက်ထပ်ကတော့ ညီမတို့ အမျိုးသမီးများ တန်းတူအခွင့်အရေးဆိုတဲ့ ပန်းတိုင်တစ်ခုကိုပါ အတူတွဲပြီးတော့မှ လျှောက်လှမ်းနေတာ ဖြစ်တယ်။"***

စစ်ကောင်စီအား စစ်ရေးအရ ခုခံမှုအားကောင်းနေသည့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF) တပ်ရင်း (၅) မှလည်း အမျိုးသမီးအထူးတပ်ဖွဲ့ ဖွဲ့စည်းကြောင်း ၂၀၂၂ ခုနှစ်၊ မေလအတွင်းက ကြေညာခဲ့ပြီး အမျိုးသမီး အထူးတပ်ဖွဲ့နှင့်ပတ်သက်၍ တပ်ခွဲမှူး မအိန်ဂျယ်လစ်မိုးမှ သူမ၏ စိုးရိမ်ပူပန်မှုကို ယခုလိုပြောကြားခဲ့သည်။

***"ပထမဆုံး အမျိုးသမီးတပ်ခွဲဖြစ်တော့ စိတ်ဝင်စားမှုတွေ အများကြီးရှိတယ်။ အဖက်ဖက်က စောင့်ကြည့်နေတာတွေရှိတော့ အထက်ကပေးတဲ့ လုပ်ငန်းတာဝန်တွေကို ကျေပွန်ပါ့မလား။ လုပ်နိုင်ပါ့မလားလို့လည်း စိုးရိမ်မိတယ်"*** မအိန်ဂျယ်လစ်မိုးသည် CDM ကျောင်းဆရာမတစ်ဦးဖြစ်ပြီး အမျိုးသမီးအထူးတပ်ဖွဲ့၏ ခေါင်းဆောင်များကို အမျိုးသမီး စစ်သည်များမှ ရွေးချယ်တင်မြှောက်ခဲ့ရာတွင် တပ်ခွဲမှူးဖြစ်လာခြင်းဖြစ်သည်။

ကရင်နီအမျိုးသားကာကွယ်ရေးတပ် တပ်ရင်း(၅)အမျိုးသမီးတပ်ဖွဲ့၏ ဒုတပ်ခွဲမှူး နော်ဘေ့ဖောထူးအနေဖြင့်လည်း ဒုတပ်ခွဲမှူး ရွေးချယ်ခံရမှုနှင့်ပတ်သက်၍ ***"ဒုတပ်ခွဲမှူး အနေနဲ့ ရွေးချယ်ထားတော့ စိတ်လှုပ်ရှားတယ်။ ဒါပေမယ့် ငါလုပ်နိုင်မယ်ထင်လို့***

5 *Delta News Agency, Sep 25th 2021. https://bit.ly/3PEbJkM*

6. *Myanmar Pressphoto Agency, Oct 29th 2021. https://www.facebook.com/mmpressphoto/posts/6409161419124831*

*သူတို့ရွေးချယ်ထားတာပဲ။ ငါကြိုးစားမယ်ဆိုတဲ့စိတ်ရှိတယ်"* ဟု ဆိုပါသည်။

ပထမဦးဆုံးဖွဲ့စည်းသည့် အမျိုးသမီးတပ်ဖွဲ့ဖြစ်သည့်အတွက် အခြားရဲဘော်များ၏ အမြင်အမျိုးမျိုးဖြင့် မေးခွန်းထုတ်ခြင်းများကိုလည်း ခံရကြောင်း သူမက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

*"အခြား PDF ရဲဘော်တွေက ပထမဆုံး အမျိုးသမီးတပ်ခွဲကို စဖွဲ့တာဆိုတော့ သူတို့ကမေးတယ်၊ နင်တို့ဘာလုပ်မလဲပေါ့။ နင်တို့မထင်မှတ်တာတွေ ငါတို့လုပ်ပြမယ် ဆိုတာမျိုး ပြန်ပြောထားတယ်။"*

အမျိုးသမီးတပ်ဖွဲ့ဖြစ်သည့်အတွက် အမျိုးသားတပ်ဖွဲ့များနှင့် မတူညီသောအခက်အခဲများကိုလည်း မြောင်မြို့နယ် အမျိုးသမီးစစ်သည်ပျောက်ကျားအဖွဲ့မှ တာဝန်ခံတစ်ဦးက Myanmar Pressphoto Agency နှင့် အင်တာဗျူးတွင် အောက်ပါအတိုင်း ဖြေကြားခဲ့သည်။[7]

*"အခက်အခဲက ပိုရှိပါတယ်ဗျ။ ဘာလို့ဆို အမျိုးသားနဲ့အမျိုးသမီး ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံက မတူဘူး။ ကိုယ့်ကိုကိုယ်လည်း ခန္ဓာကိုယ်ကျစ်လစ်ဖို့လည်း ပြင်ဆင်ရသလို မိန်းကလေးမို့ တကိုယ်ရည်ကိစ္စတွေကိုလည်း သေသေချာချာဂရုတစိုက်နဲ့ လုပ်ရတဲ့ အပိုင်းတွေရှိတယ် "*

မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) ၏ အင်တာဗျူးများအရ နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများ လက်နက်ကိုင် တိုက်ပွဲလမ်းကြောင်းကို ရွေးချယ်မှုများရှိနေသည်နှင့် တပြိုင်နက်တည်းတွင် လက်နက်ကိုင်တော်လှန်ရေးအား အကြမ်းဖက်နည်းလမ်းအဖြစ် ဝေဖန်ပြောဆိုမှုများ ရှိလာသည့်အပေါ် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် တပ်ရင်း(၃) တပ်ခွဲ (၁) ဆေးမှူး ခတ်ခဲ(အမည်လွှဲ)မှ –

*"လက်နက်ကိုင်တိုင်း အကြမ်းဖက်တာမဟုတ်ဘူးလို့ပဲ မြင်တယ်။ သူများက ကိုယ့်ကို မခံမရပ်နိုင်အောင် ဖိနှိပ်ထားမယ်ဆိုရင် ကိုယ့်မှာရှိတဲ့ ခွန်အားနဲ့ ကိုယ်လွတ်မြောက်ဖို့*

7. *Myanmar Pressphoto Agency, 29th Oct 2021.* https://www.facebook.com/mmpressphoto/posts/6409161419124831

*နိုင်သလောက်ပြန်တိုက်ခိုက်မှာပဲလေ။ သူတို့မတွေ့ကြုံသေးလို့ အကြမ်းဖက်တယ်လို့ သတ်မှတ်တာဖြစ်မယ်။ သူတို့ဘယ်လိုပြောပြော ကျမတို့ကတော့ လွတ်မြောက်ရေးအတွက် ဆက်လက်တိုက်ခိုက်မယ်။ နိုင်တဲ့အထိပေါ့”* ဟုပြောခဲ့သည်။

ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) တပ်ရင်း (၅) တပ်ခွဲမှူး မအိန်ဂျယ်လစ်မိုး မှလည်း –

*“စစ်ကောင်စီက အရမ်းဆိုးရွားတယ်။ လူတွေ အများကြီးသေကြရတယ်။ လူငယ်တွေ မတရားဖမ်းဆီးခံရတယ်။ သတ်ဖြတ်ခံရတယ်။ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးကြရတယ်။ သူတို့က ကျမတို့လို ဖိနှိပ်ခံရတာတွေ မကြုံဖူးလို့ဖြစ်မယ်။ အခုလို အဖိနှိပ်ခံနေရမှုတွေကို ကျော်ဖြတ်ဖို့၊ အသက်ရှင်ဖို့ဆို လက်နက်ကိုင်ပြန်တော်လှန်မှ ရမယ်”* ဟု ၎င်းနှင့်အင်တာဗျူးတွင် သူမ၏ သဘောထားကို ဖလှယ်ပေးခဲ့သည်။

ဒုတပ်ခွဲမှူး နော်ဘွေဖောထူးကလည်း လက်နက်ကိုင်ရခြင်း၏ အဓိကအကြောင်းအရင်းကို ယခုလိုရှင်းပြခဲ့သည်။

*“စစ်ကောင်စီက အမျိုးသမီးတွေကိုဖမ်းမိပြီဆိုရင် မတော်မတရားတွေပြောတယ်။ မုဒိန်းကျင့်တယ်။ ကျမတို့ နောက်ဆုတ်လို့မရတော့ဘူး။ လက်နက်ချလည်း သူတို့က သတ်တာ။ ဒါ့ကြောင့် ကျမတို့လက်နက်ကိုင် တွန်းလှန်မှ ဖြစ်မယ်”*

လက်နက်ကိုင်တော်လှန်ရေးသည် အမျိုးသမီးများအတွက် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ စိန်ခေါ်မှုများများစွာ ရင်ဆိုင်ရသည့် ရွေးချယ်မှုဖြစ်သည်။ ကျား၊မတန်းတူရေးနှင့် ပတ်သက်၍ လက်ခံကျင့်သုံးမှုအားနည်းသည့် မြန်မာ့လူ့အသိုင်းအဝိုင်းတွင် အမျိုးသမီးများ လက်နက်ကိုင်တော်လှန်ရေးလုပ်ရန် ရွေးချယ်မှုသည် ကျား၊မ ခွဲခြားဆက်ဆံမှုများကို စစ်အာဏာရှင်စနစ်နှင့်အတူ အမြစ်ဖြတ်လုပ်ဆောင်ရန် ကြိုးပမ်းမှုတရပ်ဟုလည်း ယူဆနိုင်သည်။ မိမိတို့ကိုယ်တိုင် လက်နက်မကိုင်နိုင်သည့် အမျိုးသမီးများသည်လည်း လက်နက်ကိုင်တော်လှန်ရေးကို တတ်နိုင်သည့် နည်းလမ်းများဖြင့် အပြည့်အဝ ကူညီပံ့ပိုး နေကြသည်။

“စစ်ကောင်စီက အရမ်းဆိုးရွားတယ်။ လူတွေ အများကြီးသေကြရတယ်။ လူငယ်တွေ မတရားဖမ်းဆီးခံရတယ်။ သတ်ဖြတ်ခံရတယ်။ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးကြရတယ်။ သူတို့က ကျမတို့လို ဖိနှိပ်ခံရတာတွေ မကြုံဖူးလို့ဖြစ်မယ်။ အခုလို အဖိနှိပ်ခံနေရမှုတွေကို ကျော်ဖြတ်ဖို့၊ အသက်ရှင်ဖို့ဆို လက်နက်ကိုင်ပြန်တော်လှန်မှ ရမယ်”

(KNDF တပ်ရင်း(၅)တပ်ခွဲမှူး မအိန်ဂျယ်လစ်မိုး)




## (ဆ) မသန်စွမ်း အမျိုးသမီးများ၏ ပါဝင်မှု

စစ်အာဏာရှင်စနစ်အား အမြစ်ပြတ်ချေမှုန်းရေးတွင် မသန်စွမ်းအမျိုးသမီးများ၏ အခန်းကဏ္ဍကိုလည်း မေ့လျော့ထား၍ မရနိုင်ပေ။ အကြမ်းဖက်စစ်တပ်မှ ၎င်းတို့အား ဆန့်ကျင်သူ မည်သူမဆို ခြွင်းချက်မရှိ ဥပဒေမဲ့ ဖမ်းဆီးနှိပ်စက်နိုင်သည့် အန္တရာယ်များကို မသန်စွမ်းအမျိုးသမီးများလည်း ရင်ဆိုင်နေကြရသည်။ သာမန်ပြည်သူများ ရင်ဆိုင်နေရသည့် အကြပ်အတည်းများသည် မသန်စွမ်းအမျိုးသမီးများအတွက် ဆထက်တပိုး ကြီးမားသည့် စိန်ခေါ်မှုများဖြစ်သော်လည်း ၎င်းစိန်ခေါ်မှုများကို ကြံ့ကြံ့ခံ အံတု၍ ပါဝင်လှုပ်ရှားခဲ့ကြသည်။

မသန်စွမ်းအမျိုးသမီးများ၏ နွေဦးတော်လှန်ရေးတွင် ပါဝင်ခဲ့ပုံများကို ကိုယ်လက်အင်္ဂါမသန်စွမ်းသူ မပို့ပို့ (အမည်လွှဲ) မှ ***"မသန်စွမ်းတွေအနေနဲ့ တော်လှန်ရေးလုပ်တာက စိန်ခေါ်မှု၊ အခက်အခဲနဲ့ အန္တရာယ်လည်း ပိုများတယ်။ သူများတွေလို ပြေးဖို့ကလည်း ပိုပြီးခက်ခဲတယ်။ တော်လှန်ရေးထဲ တကယ်ကိုစိတ်ပါတဲ့အတွက် အခက်အခဲများစွာကြားမှ တတ်နိုင်တဲ့ဘက်က ပါဝင်ခြင်းဖြစ်တယ်"*** ဟု ပြောပြခဲ့သည်။

ထို့နည်းတူ အကြားအာရုံမသန်စွမ်းသူတစ်ဦးဖြစ်သူ နွေဦးအားမာန် (အမည်လွှဲ) မှလည်း အောက်ပါအတိုင်း ပြောပြခဲ့သည်။

***"မသန်စွမ်းသူတစ်ယောက်အနေနဲ့ တခုခုဆိုရင် မှတ်မိရလွယ်နေတာက အတားအဆီးကြီး ဖြစ်နေပြန်ပါတယ်။ သူများတွေလိုလည်း ပေါ်ပေါ်ထင်ထင်လှုပ်ရှားဖို့ မလွယ်တာကြောင့် နိုင်ရာဝန်လေးကိုပဲ ထမ်းနေရပါတယ်။" (နွေဦးအားမာန်-အကြားအာရုံ မသန်စွမ်းသူ)***

အာဏာသိမ်းမှုဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် လမ်းမလျှောက်နိုင်သဖြင့် ဖခင်မှ ဆိုင်ကယ်ဖြင့် လိုက်ပို့ခဲ့ရပြီး အင်တိုက်အားတိုက်ပါဝင်ခဲ့ပုံကို မပုံ့ပုံ့ (ကိုယ်လက်အင်္ဂါ မသန်စွမ်း) မှ

*"နေ့တိုင်းလိုက်ကြတယ်။ ကျမက လမ်းမလျှောက်နိုင်တော့ အဖေ့ဆိုင်ကယ်နဲ့ပဲ သပိတ်စစ်ကြောင်းနောက်ကနေ နေ့တိုင်းလိုက်တယ်။ တစ်အိမ်လုံးလိုက်တာ၊ အမေတယောက်ဘဲကျန်တယ် အိမ်မှာ"* ဟု သူမ၏ ပါဝင်ပုံ ကို ပြောပြခဲ့သည်။

လုံခြုံရေးနှင့်ပါတ်သက်၍ ပြင်ဆင်မှုများကိုလည်း အောက်ပါအတိုင်း ပြောပြခဲ့သည်။

*"လုံခြုံရေးနဲ့ပတ်သက်ပြီး ထွေထွေထူးထူး ပြင်ဆင်ထားနိုင်ခြင်း မရှိပါဘူး။ ပြေးစရာမြေမရှိဆိုသလိုပေါ့။ သတိထားတယ်။ သိုသိုသိပ်သိပ်နေတယ်။ ဖုန်းဟန်းဆက်အပို ဆောင်ထားရတယ်။" (နွေဦးအားမာန်– အကြားအာရုံ မသန်စွမ်းသူ)*

*"မကြောက်ဘူးလားဆိုတော့ ကြောက်တော့ ကြောက်တာပေါ့။ ဘယ်လိုအထိ ဖြတ်သန်းရမလဲဆိုတာကအစ ကျမပြင်ထားတယ်။ တကယ်ဘဲ ထောင်ကျသွားရင် ငါဘယ်လိုနေရမလဲဆိုတာကို နေ့တိုင်းတွေးနေရတယ်။ အဆုံးစွန်ထိ တွေးထားရတာပေါ့" မပုံ့ပုံ့ (ကိုယ်လက်အင်္ဂါ မသန်စွမ်းသူ)*

ထိုသို့ စိုးရိမ်ကြောက်ရွံ့မှုများကြားမှပင် စစ်အာဏာရှင်စနစ် အမြစ်ဖြတ်ချေမှုန်းရေး လှုပ်ရှားမှုများတွင် တတ်စွမ်းသမျှပါဝင်နေကြသည့် မသန်စွမ်းအမျိုးသမီးများ၏ ပါဝင်မှုကို သမိုင်းမှတ်တမ်းတင်ရမည်ဖြစ်သည်။

“မသန်စွမ်းတွေအနေနဲ့ တော်လှန်ရေးလုပ်တာက စိန်ခေါ်မှု၊ အခက်အခဲနဲ့ အန္တရာယ်လည်း ပိုများတယ်။ သူများတွေလို ပြေးဖို့ကလည်း ပိုပြီးခက်ခဲတယ်။ တော်လှန်ရေးထဲ တကယ်ကိုစိတ်ပါတဲ့အတွက် အခက်အခဲများစွာကြားမှ တတ်နိုင်တဲ့ဘက်က ပါဝင်ခြင်းဖြစ်တယ်” (မပုံ့ပုံ့-အမည်လွှဲ)

“မသန်စွမ်းသူတစ်ယောက်အနေနဲ့ တခုခုဆိုရင် မှတ်မိရလွယ်နေတာက အတားအဆီးကြီး ဖြစ်နေပြန်ပါတယ်။ သူများတွေလိုလည်း ပေါ်ပေါ်ထင်ထင် လှုပ်ရှားဖို့ မလွယ်တာကြောင့် နိုင်ရာဝန်လေးကိုပဲ ထမ်းနေရပါတယ်။”
(နွေဦးအားမာန်- အကြားအာရုံ မသန်စွမ်းသူ)



## (ဇ) လိင်စိတ်ခံယူမှု ကွဲပြားသူ (LGBTI) များ၏ ပါဝင်မှု

လိင်စိတ်ခံယူမှု ကွဲပြားသူများ (LGBTI) သည် လူ့အသိုင်းအဝိုင်းအတွင်း ခွဲခြားဆက်ဆံခံရမှု အများဆုံးခံ ကြရသည်။ ထို့ကြောင့် စစ်အာဏာရှင်စနစ်အောက်တွင် ပိုမိုဆိုးရွားလာမည့် ခွဲခြားဖိနှိပ်ခံရမှုများမှ လွတ်မြောက်ရန် LGBTI များသည်လည်း ရသည့်နည်းလမ်းများဖြင့် စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးကို လုပ်ဆောင်နေကြသည်။ ထိုသို့လုပ်ဆောင်မှုများကြောင့် အကြမ်းဖက်စစ်ကောင်စီ၏ ဖမ်းဆီးခံရခြင်း၊ စစ်ကြောရေးများတွင် ညှဉ်းပန်းနှိပ်စက်ခံရခြင်းတို့သာမက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခံနေရသည်။ ဤအခြေအနေများထဲမှ LGBTI တို့၏ စွမ်းစွမ်းတမံ ပါဝင်မှုများကို နွေဦး တော်လှန်ရေးမှ ကဗျည်းတင်ရပေမည်။

နွေဦးတော်လှန်ရေးတွင် ပါဝင်မှုများနှင့် ပတ်သက်၍ LGBTI များမှ အောက်ပါအတိုင်း ပြောပြခဲ့ကြသည်။

*"ကျောင်းသား CDM စလုပ်ခဲ့တာပေါ့။ သူငယ်ချင်းတွေစုပြီး သပိတ်တွေ ထွက်ခဲ့တယ်။ တစ်ရက်မှ မပျက်ခဲ့ဘူး။ နောက်သူငယ်ချင်း (၂)ယောက်နဲ့အတူ မေလ (၃)ရက်နေ့မှာ အဖမ်းခံခဲ့ရတယ်။ တစ်ပတ်လောက် စစ်ကြောရေးမှာ နေခဲ့ရတယ်" (အဝင်း)*

*"အာဏာရှင်ကိုမကြိုက်လို့ အလိုမရှိတဲ့အတွက် အများနည်းတူ လမ်းပေါ်ထွက် ဆန္ဒပြလှုပ်ရှားမှုတွေမှာ ပါဝင်ခဲ့ပါတယ်။ စစ်တပ်ဘက်က လူထုကို အကြမ်းဖက် ဖြိုခွင်းချိန်မှာ သံစဉ်ရာဘာကျည် (၈)ချက် ထိမှန်ခဲ့ပါ တယ်။" (သံစဉ် – မိတ်ကပ်ပညာရှင်)*

ပဋိပက္ခဒေသတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (Conflict Related Sexual Violence–CRSV) သုတေသနစစ်တမ်းကောက်ယူရန်အတွက် သွားရောက်တွေ့ဆုံမည့် LGBTI တဦးဖြစ်သည့် စူးရှရှင်းသန့်အား မြစ်ငယ်စစ်ဆေးရေးဂိတ်တွင် ကားဖြင့်တိုက်ကာ ဖမ်းဆီးခံခဲ့ရသည်။ သူမနှင့်အတူသွားသည့်အမျိုးသားမှာ သတိလစ်မေ့မြောခဲ့ပြီး သူမ၏ ညာဖက်ခြေထောက်တွင် ဒဏ်ရာအကြီးအကျယ်ရရှိခဲ့သော်လည်း ဆေးကုသခွင့်မပေးပဲ (၈)နာရီခန့် လမ်းမပေါ်တွင်ပစ်ထားခံရကာ သူမတို့အား သေနတ်ဖြင့်ချိန်ထားပြီး လုပ်ဖော်ကိုင်ဖက်များကို ဖုန်းဆက်လိမ်ညာခေါ်ခိုင်းပြီး ထောင်ဖမ်းခြင်းခံခဲ့ရသည်ကို စူးရှရှင်းသန့်၏ ခွင့်ပြုချက်ဖြင့် Try Organization မှ စီမံချက်အရာရှိ မေဂမ် (LGBTI) မှ ပြောပြခဲ့သည်။

စစ်ကြောရေးတွင် LGBTI တယောက်အနေဖြင့် မနေရဲဘဲ ယောကျ်ားပုံစံဖြင့် ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည့် အတွေ့အကြုံကိုလည်း အဝင်းမှ အောက်ပါအတိုင်း ပြောပြခဲ့ သည်။

*"မိန်းမလျာမှန်း သူတို့ရိပ်မိလို့လားမသိဘူး နည်းနည်းညစ်ညမ်းတဲ့ စကားတွေ ပြောချင်တာပေါ့။ မိန်းမလျာတွေအဖမ်းခံရရင် ဘယ်လိုတွေလုပ်တာဆိုပြီး ကိုယ်က ကြားဖူးတော့ ယောကျ်ားလိုပုံစံမျိုးပဲ သူတို့နဲ့ပြောတယ်" (အဝင်း)*

အကြမ်းဖက်စစ်ကောင်စီ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် စူးရှရှင်းသန့်အား မြစ်ငယ် စစ်ကြောရေးတွင် (၈)ရက်ကြာ စစ်ဆေးမေးမြန်းခဲ့ပြီး (၂)ရက်တိတိ ရေမတိုက်၊ အစာမကျွေး၊ ဆေးကုသခွင့်မပေးပဲထားကာ နေ့စဉ်သစ်ပင်တွင် တွဲလောင်းချိတ်ဆွဲ၍ ရိုက်နှက်ခြင်း၊ ရင်သားများကို လျှပ်စစ်မီးပူဖြင့်ကပ်ခြင်း၊ လက်သီးများဖြင့် တစ်ကိုယ်လုံး ထိုးခြင်းနှင့် ရိုက်နှက်ခြင်းတို့ဖြင့် စစ်ဆေးမေးမြန်းခံခဲ့ရသည်။ ကွန်ပြူတာ၊ ဖုန်း၊

ပိုက်ဆံအိတ်များ အသိမ်းခံရပြီး Kpay အကောင့်ထဲရှိ ငွေများကိုလည်း Password အတင်းတောင်းယူကာ ထုတ်ယူခဲ့ကြပြီး မိသားစုနှင့် ဆက်သွယ်ခွင့်မရသည့်အခြေအနေကို သူမ၏ရှေ့နေမှတဆင့် သိရှိရကြောင်း မေဂမ် (LGBTI) မှ ပြောပြသည်။ လက်ရှိတွင် စူးရှရှင်း သန့်သည် ၅ဝ၅ (က) ဖြင့် ထောင်ဒဏ် (၃) နှစ်ချမှတ်ခံထားရကာ ကျန်အမှုများကို ဆက်လက်ရင်ဆိုင်နေရသည်။

LGBT များအနေဖြင့် ထောင်တွင်းတွင် သူမတို့၏ဖြစ်တည်မှုကို ပြက်ရယ်ပြုလှောင်ပြောင်ခြင်းများကို ခံရပြီး ဆဲဆိုခြင်း၊ ငေါက်ငမ်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ မကြားဝံ့မနာသာများပြော၍ စော်ကားခြင်းများအပြင် အဆောင်အတွင်းတွင် အမျိုးသမီးကဲ့သို့ ဝတ်စားနေထိုင်သူများကို ဆံပင်ညှပ်ပစ်မည်၊ ကတုံးတုံးမည်၊ ယောကျ်ားကဲ့သို့ ဝတ်ခိုင်းမည်စသဖြင့် အမြဲခြိမ်းခြောက်ခံနေရသည်။ အမိန့်ချအပြစ်ပေးခံရပြီးနောက်တွင်လည်း အမျိုးသမီးကဲ့သို့ ဝတ်ဆင်နိုင်ရန်နှင့် LGBT အဆောင်တွင် နေထိုင်လိုလျှင် ငွေပေးလာဘ်ထိုးရခြင်းများ ရင်ဆိုင်ကြုံတွေ့နေကြရသည်။ ထိုသို့ ခက်ခဲသည့်အခြေအနေများအောက်တွင် တော်လှန်ရေး၌ပါဝင်လှုပ်ရှားနေကြသည့် LGBTI များသည် အစစ အရာရာ သတိနှင့်သာ နေထိုင်နေကြရသည်ဟု ဆိုသည်။

*"အချို့တွေ သေနေကြရတယ်။ အချို့တွေနေစရာအိမ်မရှိတော့တဲ့အချိန်မှာ ကိုယ်က အသက်ရှင်နေရတာတောင် လိပ်ပြာသိပ်မလုံချင်ဘူး။ ဒါ့ကြောင့် လုံခြုံရေးနဲ့ ပတ်သက်ပြီးလည်း ဘာမှသိပ်မပြင်ဆင်ထားဘူး" (အဝင်း)*

*"လုံခြုံရေးနဲ့ပတ်သတ်ပြီးတော့ အထူးတလည် ပြင်ဆင်ထားတာတော့ သိပ်မရှိပါဘူး။ ဒါပေမယ့် ကိုယ့်ကိုကိုယ်တော့ သတိနဲ့နေတယ်။ သတိနဲ့သွားတယ်။ သတိနဲ့စားတယ်" (သံစဉ် – မိတ်ကပ်ပညာရှင်)*

LGBTI များအနေဖြင့် မိမိတို့၏ လိင်စိတ်ခံယူမှုကွဲပြားမှုများကြောင့် ခွဲခြားဆက်ဆံမှုများနှင့် စိန်ခေါ်မှုအများအပြား ရင်ဆိုင်ကြုံတွေ့ရသော်လည်း စစ်အာဏာရှင်အမြစ်ပြတ်ချေမှုန်းရေးအတွက် နွေဦးတော်လှန်ရေးအောင်မြင်သည်အထိ ပါဝင်သွားရန်

ခိုင်မာသည့် သံဓိဋ္ဌာန်များ ချမှတ်ထားသည်ကို တွေ့ရှိရသည်။

*"LGBT တစ်ယောက်အနေနဲ့ အများကြီးဖြတ်သန်းခဲ့ရပါတယ်။ ကိုယ်ရွေးချယ်ထားတဲ့ လမ်းကို အဆုံးထိလျှောက်လှမ်းဖို့ ခိုင်မာတဲ့ဆုံးဖြတ်ချက် ချထားပြီးသားပါ" (သံစဉ် – မိတ်ကပ်ပညာရှင်)*

*"စိန်ခေါ်မှုတွေကတော့ အများကြီးရှိခဲ့တယ်လို့ ပြောရပါတယ်။ ဒါပေမယ့် ဒီနွေဦးတော်လှန်ရေးအတွက် ငါသည် ဘယ်လိုအခက်အခဲတွေ့တွေ့ ပါဝင်နိုင်ရမယ်ဆိုတဲ့ အချက်ကို အဓိကထားပြီး ရင်ဆိုင်ပါတယ်။ အသက်မသေသေးသရွေ့ ကိုယ်နိုင်တဲ့ဝန်ကို ထမ်းနေမှာပါ" (အဝင်း)*

***"အချို့တွေ သေနေကြရတယ်။ အချို့တွေနေစရာအိမ်မရှိတော့တဲ့အချိန်မှာ ကိုယ်က အသက်ရှင်နေရတာတောင် လိပ်ပြာသိပ်မလုံချင်ဘူး။ ဒါ့ကြောင့် လုံခြုံရေးနဲ့ ပတ်သက်ပြီးလည်း ဘာမှသိပ်မပြင်ဆင်ထားဘူး" (အဝင်း)***

## ၆) ရှစ်လေးလုံးအရေးတော်ပုံနှင့် နွေဦးတော်လှန်ရေးတို့တွင် အမျိုးသမီးများပါဝင်မှု အခန်းကဏ္ဍ

မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်ကိုတော်လှန်သည့် လူထုတော်လှန်ရေးများ ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့ပြီး လူထုတော်လှန်ရေးတိုင်းတွင် အမျိုးသမီးများသည် ကျရာတာဝန်ကို မပျက်မကွက် တာဝန်ယူပါဝင်ခဲ့ကြသည်။ ရှစ်လေးလုံးလူထုတော်လှန်ရေးနှင့် နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးပါဝင်မှုများနှင့် ပတ်သက်၍ ကိုယ်တွေ့ပါဝင်ခဲ့ကြသည့် အမျိုးသမီးများမှလည်း ၎င်းတို့၏ အမြင်များကို သုံးသပ်ဖလှယ်ခဲ့သည်။

*"၈၈ တုန်းက အမျိုးသမီးတွေပါတယ်။ ပါတာမှ အဲဒီတုန်းက အိမ်ရှင်မသပိတ်စစ်ကြောင်းဆိုပြီးတော့ ဆန်ကောတွေ၊ ဆန်ကာတွေရွက်၊ ထမင်းအိုးတွေပိုက်၊ ဇရပ်ကျည်ပွေ့တွေကိုင်၊ တံမြက်စည်းတွေကိုင်ပြီးတော့ အမျိုးသမီးအင်အားစုတွေက မြို့နယ်အလိုက်ထွက်ကြတာ။ အမျိုးသမီးသပိတ်ဆိုပြီးတော့.." (မခိုင်)*

*"၂၀၂၁ နွေဦးတော်လှန်ရေးအတွင်းမှာ လူငယ်အမျိုးသမီးတွေ ပါဝင်မှု ပိုအားကောင်းတယ်။ ခေါင်းဆောင်မှုနေရာတွေမှာလည်း ပိုပြီးပါဝင်လာကြတယ်။ မြောင်အမျိုးသမီးတပ်လို တော်လှန်ရေးတပ်ဖွဲ့တွေကို ထူထောင်လာကြတဲ့အပြင် သင်တန်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်တာတွေကို တွေ့လာရတော့ တကယ်ကို ဂုဏ်ယူအားရမိပါတယ်။ ၈၈ ကာလတုန်းကလည်း ဒီလိုမျိုးရှိခဲ့ပေမယ့် အခုလောက် မများပြားတာ အမှန်ပါပဲ။" (ဒေါ်နှင်းနှင်းမွေး)*

ရှစ်လေးလုံး လူထုအရေးတော်ပုံတွင် အမျိုးသမီးများပါဝင်လှုပ်ရှားမှုသည် နွေဦးတော်လှန်ရေးကာလလောက် မများသော်လည်း ပါဝင်ခဲ့ကြသည့် အမျိုးသမီးများသည် သတ္တိရှင်များဖြစ်ကြောင်း၊ အာဏာသိမ်းပြီးနောက်ပိုင်း ရဲရဲတောက်အမျိုးသမီးများသာ

လက်နက်ကိုင်တော်လှန်ရေးထဲဝင်ရောက်သွားကြပြီး လူထုဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့် အမျိုးသမီးအများစုမှာ မြေအောက်တော်လှန်ရေး (Underground) အနေဖြင့်သာ လှုပ်ရှားခဲ့ကြကြောင်း ပြောပြခဲ့သည်။

*"၈၈ တုန်းက အမျိုးသမီးတွေပါဝင်မှုက အခုလောက်မများပေမဲ့ သူတို့လည်း တကယ့်သတ္တိရှင်တွေပါ။ အရှေ့ကို ထွက်ရဲတယ်၊ ဦးဆောင်ရဲတယ်၊ အသေခံရဲခဲ့ကြတဲ့ သူတွေမို့လို့ ဂုဏ်ယူပါတယ်။ တချို့ဆိုရင် တိုင်းရင်းသားလက်နက်ကိုင်တပ်တွေထဲဝင်ပြီး ဆက်တော်လှန်ခဲ့ကြတာတွေလည်း ရှိကြပါတယ်။" (ယိင်းဟန်ဖ– ရှမ်းအမျိုးသမီး)*

အမျိုးသမီးများသည် လူထုတော်လှန်ရေးများတွင် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေသော်လည်း ယခုလက်ရှိ နွေဦးတော်လှန်ရေးကာလအထိ နိုင်ငံရေး အခန်းကဏ္ဍတွင် ကိုယ်စားပြုပါဝင်ခွင့် နည်းပါးနေသေးသည်ဟု ရှစ်လေးလုံးလူထု အရေးတော်ပုံတွင် ပါဝင်ခဲ့သည့် ဒေါ်အေးအေးခိုင်မှ ပြောသည်။

*"အမျိုးသမီးတွေ နေရာရယူပြီး နိုင်ငံရေးအရ ကိုယ်စားပြုတာမျိုးကြတော့ အခုထိ နည်းနေသေးတယ်ထင်တယ်။ ဟိုတုန်းကနဲ့ အခု ဘာကွာသလဲလို့မေးရင် အမျိုးသမီးတွေ နိုင်ငံရေး အသိအမြင်တွေ ပိုကျယ်လာကြပြီ။ လှုပ်ရှားမှုတွေ ပိုအားကောင်းလာမယ်၊ ကျယ်ပြန့်လာမယ်ထင်ပါတယ်။ အခုပိုအားကောင်းလာတယ်ဆိုတာက တောက်လျှောက် လှုပ်ရှားမှုတွေ ရှိခဲ့လို့ ခုချိန်ပိုအားကောင်းလာတာလို့ ပြောလို့ရပါတယ်" (ဒေါ်အေးအေးခိုင်)*

လက်ရှိနွေဦးတော်လှန်ရေးတွင် မိဘများကိုယ်တိုင်က မိမိတို့၏သားသမီးများ စစ်အာဏာရှင်ကို လက်နက်ကိုင်တော်လှန်ရန် အားပေးဝန်းရံမှုများကြောင့် လက်နက်ကိုင် တော်လှန်ရေး ပိုမိုအားကောင်းလာကြောင်း သုံးသပ်ကြ သည်။

*"သူတို့ (စစ်ကောင်စီ)ကတောင် လက်နက်အားကိုးပြီး ပစ်သတ်နေရင် ငါတို့လည်း လက်နက်ရှိမှရမယ်၊ ချသာချဆိုပြီးတော့ မိဘတွေကလည်း အားပေးတယ်။ အမျိုးသမီးတွေနဲ့ ကိုယ့်လူငယ်G–Zတွေ အကုန်လုံးက လက်နက်ကိုင်လမ်းစဉ်ကို ရွေးကြတယ်ဆိုတော့*

*အခုကပိုပြီးအားကောင်းတာပေါ့။ ဒီ ၂၀၂၁ စစ်အာဏာသိမ်းမှုမှာ G-Z အမျိုးသမီးတွေ အားကောင်းတယ်လို့တော့ အန်တီမြင်တာပေါ့" (မခိုင်)*

ဤကောက်နုတ်ချက်များကိုကြည့်ပါက ခေတ်အဆက်ဆက် စစ်အာဏာရှင်အုပ်စိုးမှုကို တော်လှန်ရာတွင် ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည့်အပြင် လက်နက်ကိုင်တိုက်ပွဲဝင်သည်အထိ အမျိုးသမီးများပါဝင်ခဲ့ကြသည်ကို မြင်တွေ့နိုင်သည်။ စစ်အာဏာရှင်တော်လှန်ရေးများတွင် အမျိုးသမီးများပါဝင်မှု၏ တူညီသည့်အချက်မှာ အသက်ဘေးအန္တရာယ်စိန်ခေါ်မှု ကြီးမားသည့်အပြင် ဖမ်းဆီးခံရပါက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကိုပါ ခံစားရနိုင်သော်လည်း မကြောက်ရွံ့ နောက်မတွန့်ခဲ့ကြပေ။

အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသည့် ပုံသေသတ်မှတ်ချက်များဖြစ်သည့် "အမျိုးသမီးများ ဝတ်သည့်ထမီသည် ဘုန်းကံနိမ့်သည်" ဆိုသည့် အစွဲအလမ်းဟောင်းများကိုပင်လျှင် ချေဖျက်နိုင်ရန် နွေဦးတော်လှန်ရေးတွင် လုပ်ဆောင်နိုင်ခဲ့သည်။ နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရခြင်းနှင့် အမျိုးသမီးများအပေါ် အသိအမှတ်ပြုမှုများ ပိုမိုရရှိခြင်းမှာလည်း ရှေ့အဆက်ဆက်တော်လှန်ရေးများတွင် ပါဝင်တိုက်ပွဲဝင်ခဲ့သည့် အမျိုးသမီး ခေါင်းဆောင်များ၏ လမ်းပြမှု၊ ဦးဆောင်မှု၊ ပါဝင်လှုပ်ရှားမှုများ၏ အကျိုးရလာဒ်ဟု ဆိုရပေမည်။

> ***"၈၈ တုန်းက အမျိုးသမီးတွေပါဝင်မှုက အခုလောက်မများပေမဲ့ သူတို့လည်း တကယ့်သတ္တိရှင်တွေပါ။ အရှေ့ကို ထွက်ရဲတယ်၊ ဦးဆောင်ရဲတယ်၊ အသေခံရဲခဲ့ကြတဲ့ သူတွေမို့လို့ ဂုဏ်ယူပါတယ်။ တချို့ဆိုရင် တိုင်းရင်းသားလက်နက်ကိုင်တပ်တွေထဲဝင်ပြီး ဆက်တော်လှန်ခဲ့ကြတာတွေလည်း ရှိကြပါတယ်။" (ယိင်းဟန်ဖ- ရှမ်းအမျိုးသမီး)***


ဖိနှိပ်မှုဟူသည်ပြုကျင့်သူ၏
အပြစ်သာဖြစ်သည်။


တပ်ကိုကြိုက်မယ့် မိန်းမများ
သံတိုင်ကြားက လက်ထောင်ထား



## ၇) အမျိုးသမီးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ

ခေတ်အဆက်ဆက် စစ်အာဏာရှင်စနစ် ဖြုတ်ချရေးအတွက် ပါဝင်ခဲ့သည့် အမျိုးသမီးများသည် လူ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်ရှင်သန်ခွင့်ကဲ့သို့သော လူ့အခွင့်အရေးများ ချိုးဖောက်ခံခဲ့ရသကဲ့သို့ ယခုချိန်အထိလည်း ဆက်လက်ချိုးဖောက်ခံနေရဆဲဖြစ်သည်။ မတရားဖမ်းဆီးခြင်း၊ ဓားစာခံအဖြစ်ဖမ်းဆီးခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ မတရားထောင်ဒဏ်ချမှတ်ခံရခြင်း၊ အချုပ်ခန်းနှင့် အကျဉ်းထောင်များတွင် လုံလောက်သောဆေးကုသခွင့် မရခြင်း၊ ဖမ်းဆီးပြီးနောက် မိသားစုဝင်များနှင့် အဆက်သွယ်ဖြတ်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများကို ကျူးလွန်ခံနေကြရသည်။

စစ်အာဏာရှင်ကို တွန်းလှန်သည့် တော်လှန်ရေးကာလများတွင် အမျိုးသမီးများအပေါ် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများသည် တူညီသည့်ပုံစံများတွေ့ရှိရသည်။ အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုကို ဟန့်တားရန်လည်း စစ်တပ်မှ လိင်အကြမ်းဖက်မှုအကြောက်တရားဖြင့် ဖိနှိပ်ခဲ့သည်။ သို့သော်လည်း စစ်တပ်မှ အမျိုးသမီးများအပေါ် မည်သို့ပင် ဖိနှိပ်သော်လည်း အမျိုးသမီးများ၏ နိုင်ငံရေးပါဝင်မှုများကို ဟန့်တားနိုင်ခဲ့ခြင်း မရှိချေ။

## (က) ဖမ်းဆီးနှိပ်စက်ထောင်ချခြင်း

စစ်ကောင်စီသည် တက်ကြွလှုပ်ရှားသူ အမျိုးသမီးများကို ဖမ်းဆီးရာတွင် လူအင်အား အဆမတန်သုံးသည့်အပြင် အမျိုးသမီးများ၏ ဂုဏ်သိက္ခာညှိုးနွမ်းစေသော အကြမ်းဖက် ဖမ်းဆီးမှုများနှင့် ညအချိန်မတော် ဝင်ရောက်စီးနင်းခြင်းများ ပြုလုပ်လေ့ရှိသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ဗကသများအဖွဲ့ချုပ်) မှ ဥက္ကဋ္ဌ မအေးနန္ဒာစိုးအား ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက်ညနေပိုင်းတွင် စစ်ကိုင်းအဝင် စစ်ဆေးရေးဂိတ်တွင် အရပ်ဝတ်ဝတ်ဆင်ထား သူများမှ မှတ်ပုံတင်စစ်၍ ဖမ်းဆီးခဲ့သည်။[8] ဖမ်းဆီးပြီးနောက်ပိုင်း (၇) လကျော်ကြာသည်အထိ မည်သည့်နေရာသို့ ပို့ဆောင်သည်ကို မိသားစုများ သိခွင့်မရရှိခဲ့ပေ။

ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ အမှုဆောင်တစ်ဦးဖြစ်သူ မဝတ်ရည်အောင်သည် အင်းစိန်ထောင်အတွင်း ဖမ်းဆီးခြင်းခံထားရစဉ် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် လေဖြန်းရောဂါ ခံစားခဲ့ရသော်လည်း ပြင်ပဆေးရုံတွင် ဆေးကုသခွင့် မရရှိပဲ ထောင်တွင်းဆေးရုံတွင်သာ ဆေးကုသခဲ့ရသည်။ ထောင်တွင်းရောက်ရှိနေသော်လည်း အမျိုးသမီးများသည် ထောင်အာဏာပိုင်များအား သပိတ်မှောက်ကြရာတွင်လည်း တက်ကြွစွာ ပါဝင်ကြသည်ကို တွေ့ရှိရသည်။ ၂၀၂၂ခု နှစ်၊ မေလ (၂၁) ရက်တွင် ကိုယ်ဝန်သည် အမျိုးသမီးတစ်ဦးအား ထောင်အာဏာပိုင်များမှ အချိန်မီ ဆေးရုံပို့ မီးဖွားပေးရန် ပျက်ကွက်ခဲ့မှုကြောင့် ကလေးသေဆုံးခဲ့ရသည့်အတွက် နိုင်ငံရေး အကျဉ်းသူများမှ ထောင်တွင်းဆန္ဒပြမှု ပြုလုပ်ခဲ့ကြသည်။ ထိုသို့ဆန္ဒပြခြင်းကြောင့် အမျိုးသမီးအဆောင်များတွင် သောက်သုံးရေ များ ဖြတ်ထားခြင်းခံကြရသည်။

---

8. *All Burma Federation of Student Unions – cec, 19th Oct 2021.* [https://bit.ly/3cgirQe](https://bit.ly/3cgirQe)

*“အခုအိမ်သာရေတွေ သောက်နေရတယ်လို့ ပြောတယ်၊ သောက်ရေမပေးတာ ဆန္ဒပြပြီးကတည်းက မပေးတာလို့ ပြောပါတယ်။ အကျဉ်းခန်းတစ်ခန်းကို နိုင်ငံရေးအကျဉ်းသူ (၆၀) ကနေ (၇၀) ကြားထားတာ။ အကုန်လုံးက အိမ်သာရေ သောက်နေရတဲ့ သဘောပေါ့”* ထောင်ဝင်စာတွေ့ခဲ့သည့် အမျိုးသမီးတစ်ဦးမှ ပြောပြခဲ့သည်ကို RFA ထုတ် ဇွန်လ (၉) ရက်နေ့သတင်းတွင် ဖော်ပြခဲ့သည်။[9]

**“အခုအိမ်သာရေတွေ သောက်နေရတယ်လို့ ပြောတယ်၊**

**သောက်ရေမပေးတာ ဆန္ဒပြပြီးကတည်းက မပေးတာလို့ ပြောပါတယ်။**

**အကျဉ်းခန်းတစ်ခန်းကို နိုင်ငံရေးအကျဉ်းသူ (၆၀) ကနေ (၇၀) ကြားထားတာ။**

**အကုန်လုံးက အိမ်သာရေ သောက်နေရတဲ့ သဘောပေါ့”**

**(ထောင်ဝင်စာတွေ့ခဲ့သည့် အမျိုးသမီး(၁)ဦး)**

---

*9. RFA Burmese, 9th June 2022. https://www.facebook.com/rfaburmese/posts/10161877465993128*

## (ခ) လိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊ အကြမ်းဖက်ခြင်းနှင့် မုဒိမ်းကျင့်ခြင်း

အာဏာရှင်စစ်တပ်သည် မုဒိန်းကျင့်ခြင်းအား စစ်လက်နက်သဖွယ်အသုံးချ၍ ပြည်တွင်းစစ်အတွင်း စက်ဆုပ်ဖွယ်ရာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်းရင်းသူအမျိုးသမီးများအပေါ် အစီအစဉ်တကျ ကျူးလွန်သည့် လုပ်ရပ်များကြောင့် နိုင်ငံတကာအထိပင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည်။ ၎င်းအခြေအနေများနှင့် ပတ်သက်၍ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှလည်း "ကျူးလွန်ခွင့်ပြုထားသည့်စနစ်များ၊ တရားမျှတမှုအတွက် မျှော်လင့်ချက်သာပေးပါ"[10]၊ အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များ[11]၊ အမှောင်လွှမ်းစေသော တပ်မတော်မှ ဂုဏ်ပြုထိုက်သော တပ်မတော်သို့[12] စသဖြင့် အစီရင်ခံစာများနှင့် ရုပ်သံများ ထုတ်ဝေကာ အကြမ်းဖက်စစ်တပ်၏ လူမဆန်သည့် ကျူးလွန်မှုများအား ဖော်ထုတ်ခဲ့သည်။

နွေဦးတော်လှန်ရေးတွင် အမျိုးသမီးများအား မတရားဖမ်းဆီးထောင်ချခြင်းများနှင့် စစ်ကြောရေးတွင် စစ်ဆေးမေးမြန်းမှုများတွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ အကြမ်းဖက်မှုများ ရှိနေသော်လည်း ဓလေ့ထုံးတမ်းများကြောင့် အစွဲကြီးလွန်းသည့် မြန်မာနိုင်ငံတွင် အမျိုးသမီးများမှ ၎င်းအကြမ်းဖက်မှုများကို ထုတ်ဖော်ပြောဆိုရန် စိန်ခေါ်မှုများစွာ ရှိနေသေးသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)မှ စုဆောင်းရရှိသည့် သတင်းများအရ နွေဦးတော်လှန်ရေးအတွင်း အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ စုစုပေါင်း (၃၅)မှု ရှိခဲ့သည်။

---

*10. အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ Nov 2014. https://womenofburma.org/sites/default/files/2018-06/2014_Nov_VAW_Iftheyhadhope_TheywouldSpeak_Burmese.pdf*

*11. အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ Jan 2014. https://womenofburma.org/sites/default/files/2018-06/2014_Jan_SameImpunitySamePattern_Burmese-final.pdf*

*12. အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ 19th June 2009. https://womenofburma.org/reports/ending-impunity-0*

ပြင်ဦးလွင်မြို့အဝင် ကျောက်ဖြူဂိတ်တွင် အဖမ်းဆီးခံရပြီး စစ်ကြောရေးသို့ရောက်ခဲ့သည့် မဝင်းဝင်းမှ သူမအား စစ်ဆေးနေသည့် စစ်သားများ လိင်ပိုင်းဆိုင်ရာစော်ကားမှု ပြုလုပ်လာသဖြင့် သူမတွင် ခုခံအားကျရောဂါ HIV ပိုးရှိနေသည်ဟု စစ်သားများကို လိမ်ပြောခဲ့ရကြောင်း Myanmar Now သတင်းဌာနသို့ ပြောပြခဲ့သည်။[13]

*"အပေါ်ပိုင်းကို လာကိုင်တာမျိုးလုပ်တယ်။ ကျမရုန်းတယ်။ ကျမကို သတ်ပစ်လိုက်၊ ဒါမျိုးတော့ အလုပ်မခံနိုင်ဘူး အော်တာပေါ့။ ရုန်းတယ်။ သူတို့ထဲကတစ်ယောက်က အင်္ကျီကြယ်သီးကို လာဖြုတ်တယ်။ အပေါ်ပိုင်းပဲလုပ် ဆိုတာမျိုး အချင်းချင်းပြောနေကြတာ" (မဝင်းဝင်း)*

စစ်ကောင်စီမွေးထုတ်ထားသည့် ပျူစောထီးအဖွဲ့သည်လည်း အကြမ်းဖက်စစ်တပ်များနည်းတူ သက်ငယ်မုဒိမ်းမှုအပါအဝင် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ လုပ်ဆောင်နေသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့၊ နတ်အင်းကျေးရွာတွင် (၈)နှစ်အရွယ် ဒုတိယတန်းကျောင်းသူတစ်ဦးအား ပျူစောထီးခေါင်းဆောင်မှ ၂၀၂၂ ဇွန်လ (၆)ရက်နေ့တွင် အဓမ္မပြုကျင့်ခဲ့မှုဖြစ်ပွားခဲ့ကြောင်း Burma Human Rights Network သတင်းစာမျက်နှာတွင် ဒေသခံတစ်ဦးမှ ပြောပြခဲ့သည်။[14]

*"ပျူတွေက သူတို့နားတဲ့စာသင်ကျောင်းအခန်းထဲကို ချော့ခေါ်ပြီး ပြုကျင့်တယ်လို့ သိထားတယ်ဗျ။ အဲဒါကို စစ်သားကရွာခံတွေ ကျေနပ်အောင် နဲနဲပါးပါးရိုက်ပြတယ်။ အခုလိုဖြစ်လည်း ပျူရွာတွေဆိုတော့ ကျောင်းကတော့ တက်မြဲပဲ။ ဒါပေမယ့် ပြုကျင့်ခံရတဲ့ မိန်းကလေးကိုတော့ ကျောင်းမပို့တော့ဘူး"*

စစ်တပ်၏ လိင်အကြမ်းဖက်မှုများကို သတင်းအချက်အလက်ကောက်ယူရာတွင် ခြိမ်းခြောက် အကြပ်ကိုင်မှုများကြောင့် အကန့်အသတ်များစွာရှိပါသည်။ လူမှုကန့်သတ်မှုများကြောင့်လည်း ကျူးလွန်ခံရသူများမှာ ဖြစ်စဉ်အား ထိန်ဝှက်ထားတတ်ကြသလို

---

13. *Myanmar Now, 17th Jan 2022. https://www.myanmar-now.org/mm/news/10110*
14. *BHRN, 9th June 2022. https://www.facebook.com/BHRNUK/posts/350004473907227*

ထုတ်ဖော်ပြောလိုက်သော်လည်း တရားမျှတမှုမရရှိသည့်အပြင် ဆိုးရွားသည့် တုန့်ပြန်ချက်များ၊ လူမှုရေးအမြင်လွဲများနှင့်လည်း ကြုံတွေ့နိုင်သဖြင့် သတင်းမပေးလိုမှု များလည်း ရှိနေသည်။

*"အပေါ်ပိုင်းကို လာကိုင်တာမျိုးလုပ်တယ်။ ကျမရုန်းတယ်။ ကျမကို သတ်ပစ်လိုက်၊ ဒါမျိုးတော့ အလုပ်မခံနိုင်ဘူး အော်တာပေါ့။ ရုန်းတယ်။ သူတို့ထဲကတစ်ယောက်က အကျႌကြယ်သီးကို လာဖြုတ်တယ်။ အပေါ်ပိုင်းပဲလုပ် ဆိုတာမျိုး အချင်းချင်းပြောနေကြတာ"*

*(မဝင်းဝင်း)*

## (ဂ) ဓါးစားခံဖမ်းဆီးခြင်း

စစ်ကောင်စီသည် အကြမ်းမဖက် အာဏာဖီဆန်ရေး CDM လှုပ်ရှားသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဝင်များ၊ တော်လှန်ရေးအင်အားစုများအား ရှာဖွေဖမ်းဆီးရာတွင် ၎င်းတို့အလိုရှိသူများအား ရှာမတွေ့သဖြင့် ကိုယ်ဝန်ဆောင်များ၊ လူမမယ်ကလေးငယ်များအပါအဝင် ၎င်းတို့၏ မိသားစုဝင်များအား ဓါးစာခံလုပ်၍ ဖမ်းဆီးထောင်ချမှုများကို နွေဦးတော်လှန်ရေးစတင်သည့်အချိန်မှ ယခုအချိန်အထိ လုပ်ဆောင်နေသည်။ ထို့အပြင် ဖမ်းဆီးမိသူများအား စစ်ကြောရေးတွင် အကြပ်ကိုင်ရန်အတွက် ၎င်းတို့၏ လသားအရွယ်မှ ကျောင်းနေအရွယ်အထိ ကလေးငယ်များအား ဖမ်းဆီးခြင်းကို ဥပဒေမဲ့ ပြုလုပ်လျက်ရှိသည်။

ထိုသို့မိသားစုဝင်များနှင့် ကလေးငယ်များအားဖမ်းဆီးရာတွင် ညအချိန် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်၍ အကြမ်းဖက်ဖမ်းဆီးခြင်းများအပြင် စာသင်ကျောင်းဝင်းအထိ လာရောက်ဖမ်းဆီးမှုများရှိသည်။ အသက် (၄) နှစ်အရွယ် မောင်သန့်ဘုန်းဝေယံအား မူကြိုကျောင်းတွင် လာရောက်ဖမ်းဆီးပုံကို မူကြိုကျောင်းနှင့် နီးစပ်သူမှ အောက်ပါအတိုင်း BBC သတင်းဌာနကို ပြောပြခဲ့သည်။[15]

*“ကလေးမိဘတွေက PDF ကိုထောက်ပံ့တယ်ဆိုပြီး လာဖမ်းတာ။ လာခေါ်တာလည်း အုပ်ချုပ်ရေးမှူးတွေ၊ နယ်ထိန်းတွေမပါဘူး။ အရပ်ဝတ်တွေနဲ့ပဲ လာခေါ်သွားတယ်။ ကလေးကိုထုတ်ပေးဖို့ အတင်းအကြပ်ပြောတယ်။ နောက်ဆုံး မထုတ်ပေးလည်း အတင်းအကြပ်ရှာမှာပဲလေ။ ကလေးမိဘတွေကိုဖမ်းထားပြီး ကလေးကိုလာခေါ်တာဆိုပြီး ညာခေါ်သွားတာ”*

---

*15. BBC Burmese, 7th Apr 2022.*
*https://www.facebook.com/BBCnewsBurmese/posts/5175998635789313*

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) နှင့် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) ၏ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာန တို့မှ ကောက်ယူရရှိထားသည့် စာရင်းအချက်အလက်များအရ နွေဦးတော်လှန်ရေး စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ဧပြီလ ၂၀၂၂ ခုနှစ်အထိ အရွယ်မရောက်သေးသည့် ကလေးသူငယ် (၂၅၀) ကျော် ဖမ်းဆီးခံထားရသည်ဟု သိရှိရသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU)၏ အချက်အလက်စုဆောင်းမှုများအရ စစ်တပ်အာဏာသိမ်းသည့်နေ့မှစ၍ ၂၀၂၂ခုနှစ်၊ ဇွန်လအထိ မိသားစုဝင်များအား ဓါးစာခံဖမ်းဆီးမှုပေါင်း (၆၀) ရှိခဲ့သည်။

"ကလေးမိဘတွေက PDF ကိုထောက်ပံ့တယ်ဆိုပြီး လာဖမ်းတာ။ လာခေါ်တာလည်း အုပ်ချုပ်ရေးမှူးတွေ၊ နယ်ထိန်းတွေမပါဘူး။ အရပ်ဝတ်တွေနဲ့ပဲ လာခေါ်သွားတယ်။ ကလေးကိုထုတ်ပေးဖို့ အတင်းအကြပ် ပြောတယ်။ နောက်ဆုံး မထုတ်ပေးလည်း အတင်းအကြပ်ရှာမှာပဲလေ။ ကလေးမိဘတွေကိုဖမ်းထားပြီး ကလေးကိုလာခေါ်တာဆိုပြီး ညာခေါ်သွားတာ"

## (ဃ) သတ်ဖြတ်ခြင်း

အမျိုးသမီးများသည် အကြမ်းဖက်စစ်တပ်၏ ရက်စက်စွာနှိပ်စက်သတ်ဖြတ်ခြင်းနှင့် အသက်ရှင်လျက် မီးရှို့ခံရခြင်းများကြောင့် အသက်ဆုံးရှုံးမှုများရှိသည်။ အကြမ်းဖက် စစ်တပ်သည် အကြောင်းပြချက်ခိုင်လုံမှု မရှိသော်လည်း ၎င်းတို့အား ဆန့်ကျင်သည်ဟု သံသယရှိရုံဖြင့် သက်ကြီးရွယ်အို ကိုယ်ဝန်ဆောင်မရွေး လူမဆန်စွာ သတ်ဖြတ်ခြင်းများ လုပ်ဆောင်သည်။

ပဲခူးတိုင်း၊ နန်းတော်ရာရပ်ကွက်၊ အင်းဝင် (၁၀) လမ်းထိပ်တွင် နေ့စေ့လစေ့ကိုယ်ဝန်ဆောင် မချစ်ချစ်ထွန်း ကို ဇန်နဝါရီလ (၃၁)ရက်နေ့ ည ၉ နာရီခွဲခန့်တွင် အကြမ်းဖက်စစ်တပ်က ပစ်သတ်ခဲ့ကြောင်း ရန်ကုန်ခေတ်သစ် မီဒီယာသတင်းတွင် ဖော်ပြခဲ့သည်။[16] ထို့အပြင် လူထုအာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်သည့် ကိုယ်ဝန်(၅)လလွယ် ထားသည့် ကျောင်းဆရာမအပါအဝင် အမျိုးသမီး (၃) ဦးနှင့် အရပ်သား (၂) ဦးတို့အား အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့ကြောင်း ရေစကြိုမြောက်ပိုင်း ပြောက်ကျားတပ်ဖွဲ့ (N-YSO) မှ ထုတ်ပြန် ခဲ့သည်။[17]

အမျိုးသမီးများသည် စစ်တပ်၏သတ်ဖြတ်ခြင်းအပြင် နိုင်ငံရေး မတည်ငြိမ်မှုများကြောင့် ဖြစ်ပေါ်လာသည့် ခိုးဆိုးလုယက်သူများ၏ သတ်ဖြတ်ခြင်းကိုလည်း ခံနေကြရသည်။ ၂၀၂၂ခုနှစ် ဇွန်လ ၁၈ရက်နေ့တွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ မင်းဖူးကျေးရွာမှ အဖွားအိုတစ်ဦးသည် ဓားပြတိုက်၍ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။[18]

---

*16. Khit Thit Media, 1st Feb 2022. https://www.facebook.com/khitthitnews/posts/1414909445613064*

*17. The Irrawaddy, 15th June 2022. https://www.facebook.com/theirrawaddyburmese/posts/5756074367770001*

*18. Border News Agency, 20th June 2022. https://www.facebook.com/permalink.php?story_fbid=175519974890317&id=107469705028678*

## အခွင့်အရေးချိုးဖောက်မှု၏ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများ

မြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်အောက်တွင် တလျှောက်လုံးနေထိုင်ခဲ့ကြရပြီး စစ်ပွဲများ၏ မြေစာပင်ဖြစ်ခဲ့ ရသည့် စစ်ရှောင်များ၊ IDPs များ၊ အကြမ်းဖက်ခံရသည့် ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည် ပြုစုပျိုးထောင်ပေးသည့် အစီအစဉ်များလည်း မရှိခဲ့ပေ။

စစ်ဗိုလ်ချုပ်များသည် ၎င်းတို့ အာဏာတည်မြဲရေးကိုသာ အစဉ်ရှေးရှု၍ ၎င်းတို့အား ဆန့်ကျင်သူများကို ဆိုးရွားသည့် နှိပ်ကွပ်မှုများပြုလုပ်ရန်သာ အစဉ်စောင့်ကြည့်လျက်ရှိသည်။ နွေဦးတော်လှန်ရေးကာလတွင် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအတွက် တရားမျှတမှု ကင်းမဲ့နေရုံသာမက စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကုစားပေးမှုများလည်း အရေးတကြီး လုပ်ဆောင်ပေးရန် လိုအပ်သည်။

အကြမ်းဖက်စစ်တပ်မှ ၎င်းတို့အား ဆန့်ကျင်သည်ဟု ယူဆသူများအားလုံးကို လိုက်လံဖမ်းဆီးကာ စစ်ကြောရေးများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင် စက်ဆုပ်ဖွယ်ကောင်းသည့် လူ့အခွင့်အရေးချိုးဖောက်မှုများပြုလုပ်၍ ညှဉ်းပမ်းနှိပ်စက်လျက်ရှိသော်လည်း မည်သည့်အခါမှ ၎င်း၏ဥပဒေမဲ့ လုပ်ရပ်များအား တာဝန်ယူ၊ တာဝန်ခံမှု မပြုဘဲ ကျူးလွန်ခွင့်ပြုထားသည်။

***“စစ်ဖို့ တစ်ခါလာခေါ်ရင် မျက်လုံးစည်းပြီး ခေါ်သွားတာ။ လာခေါ်တဲ့သူတွေကလည်း အရက်နံ့တွေ မွှန်ထူနေတာပဲ။ ခေါ်သွားရင်လည်း လှမ်းကျော်စရာ ငုံ့စရာမရှိလည်း၊ ဘေးနားကလူတွေက ပါးစပ်သရမ်းကြတယ်။ ဟိုကျော်၊ ဒီကျော်၊ ဟိုငုံ့ ဒီငုံ့ဆိုပြီး ဘေးကနေ ဝိုင်းအော်ကြတယ်”***ဟု သူတွေ့ကြုံခဲ့ရသော နေ့စဉ်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုများကို မရွှေရူပါလင်း က BBC ကိုပြောပြခဲ့သည်။[19]

*19 BBC, 24th Oct 2022.* *https://www.bbc.com/burmese/burma-59029175?fbclid=I-wAR1l-zWkwIjzPI9f_-G_Ipx0oXsw2s-G1yVGiQ5wSQ1YYYqJh5EePc-mNLU*

ကိုယ်ဝန်သုံးလလွယ်ထားသည့် မကေသီသည် စစ်တပ်၏ ဖမ်းဆီးခြင်းကိုခံခဲ့ရပြီး အကျဉ်းထောင်အတွင်းတွင် (၄)လကြာ ကိုယ်ဝန်ဆောင်များအတွက် ကျန်းမာရေး စောင့်ရှောက်မှုနှင့် အခြားလိုအပ်ချက်များမရရှိပဲ နေထိုင်ခဲ့ရသည်။

*"အာဟာရရှိတာမရှိတာ၊ သန့်ရှင်းတာမသန့်ရှင်းတာထက် ကိုယ်နဲ့ဗိုက်ထဲက ကလေး အသက်ရှင်ဖို့ပဲလိုတယ်ဆိုပြီး မစားနိုင်လည်း စားပြီးကျော်ဖြတ်ခဲ့တယ်။ သူတို့ကျွေးတာ ကတော့ တကယ်မသေရုံကျွေးတာပဲ" ဟု မကေမှ HI အမျိုးသမီးသတင်းစာမျက်နှာအား ပြောပြခဲ့သည်။* [20]

စစ်အာဏာရှင်နှင့် အာဏာရှင်အဆက်ဆက်ကို တော်လှန်ရာတွင် အမျိုးသမီးများသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စိတ်ပိုင်း၊ ရုပ်ပိုင်းတို့အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများခံရသလို မိသားစုနှင့် ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်း၏ ဖယ်ကျဉ်ခြင်း တို့ကြောင့် စိတ်ပိုင်းဆိုင်ရာအရ ဆိုးရွားစွာခံစားကြရသည်။

**"စစ်ဖို့ တစ်ခါလာခေါ်ရင် မျက်လုံးစည်းပြီး ခေါ်သွားတာ။ လာခေါ်တဲ့သူတွေကလည်း အရက်နံ့တွေ မွှန်ထူနေတာပဲ။ ခေါ်သွားရင်လည်း လှမ်းကျော်စရာ ငုံ့စရာမရှိလည်း၊ ဘေးနားကလူတွေက ပါးစပ်သရမ်းကြတယ်။ ဟိုကျော်၊ ဒီကျော်၊ ဟိုငုံ့ ဒီငုံ့ဆိုပြီး ဘေးကနေ ဝိုင်းအော်ကြတယ်"**

20 HI, 18th July 2021. https://www.facebook.com/honestinfo/posts/1792147427635325




လိင်အကြမ်းဖက် မုဒိမ်းစစ်တပ်
ငါတို့လက်နဲ့ အဆုံးသတ်

## ၈) ဖိုဝါဒလွှမ်းမိုးမှုနှင့် အမျိုးသမီးများ၏ တော်လှန်ခရီးကြမ်း

ဖိုဝါဒကြီးစိုးမှု လွှန်ကဲသည့် မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နေ့စဉ်သွားလာနေထိုင်၊ ဝတ်စားဆင်ယင်ခြင်းများတွင်ပင် ပတ်ဝန်းကျင်နှင့် မိသားစုဝင်များ၏ သတိပေးဆုံးမခြင်းများနှင့် ကြီးပြင်းလာခဲ့ရသည်။ လူထုရှေ့ထွက်၍ နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်သူ အမျိုးသမီးများသည် မိသားစုနှင့် ပတ်ဝန်းကျင်၏ တုန့်ပြန်မှုများကို ပို၍ရင်ဆိုင်ကြရသည်။

အမျိုးသမီးများနိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားနေသော်လည်း အမျိုးသမီးများအပေါ် နှိမ့်ချသည့်ရုပ်ပုံများ၊ ကာတွန်းများ ဆက်လက်ရှိနေသေးသည်။ မင်းအောင်လှိုင်ကဲ့သို့သော အကြမ်းဖက်စစ်ခေါင်းဆောင်ကို ပုံဖော်ပြသရာတွင် ထမီဝတ်၍ နှုတ်ခမ်းနီဆိုးပေးသည့်ရုပ်ပုံများဖြင့် အမျိုးသမီးများ၏ ဝိသေသများကို ထိပါးစော်ကားသည့် ပုံဖော်မှုများ ရှိနေဆဲဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် မြန်မာပြည်ပြိုကွဲလုနီးပါးဖြစ်နေသည်ကို မြန်မာနိုင်ငံမြေပုံအား ထမီဝတ်၍ နှစ်ခြမ်းကွဲနေသည့်ပုံဖြင့် သရုပ်ဖော်မှုများရှိနေသည်။

တဖက်တွင်လည်း အမျိုးသမီးများနိုင်ငံရေးပါဝင်မှုကို ကြိုဆိုသည့် ပတ်ဝန်းကျင်လည်း ရှိလာသည်။ အထူးသဖြင့် အမျိုးသမီးများ၏ လက်နက်ကိုင်တိုက်ပွဲအပေါ် အာရုံစိုက်အသိအမှတ်ပြုမှုများ ရရှိနေသည်။ ကမ္ဘာတလွှား လွှမ်းမိုးနိုင်ဆုံး ဆုစာရင်းများတွင် မြန်မာပြည်မှ နိုင်ငံရေးလှုပ်ရှားနေသည့်အမျိုးသမီးများလည်း ပါဝင်လာသည်။



နွေဦးတော်လှန်ရေးအတွက် အမျိုးသမီးများမှ မိမိလက်ဝတ်တန်ဆာများ လှူဒါန်းစဉ်

## ၁၀) နိဂုံး

တရားမျှတမှု၊တန်းတူညီမျှမှုနှင့်ငြိမ်းချမ်းသည့်လူ့ဘောင်ဘဝကိုအမျိုးသမီးများက ပိုမိုလိုလားကြမည်ဆိုသည်မှာ အမှန်တရားဖြစ်သည်။ နိုင်ငံတစ်ခုတွင် စစ်ဖြစ်ပါက စစ်၏ဆိုးကျိုးကို ခါးစည်းခံကြရသူအများစုမှာ အမျိုးသမီးများဖြစ်ကြသည်။ ထို့ကြောင့်လည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်မှအာဏာသိမ်းကြောင်း ကြေညာလိုက်ချိန်တွင် ပထမဦးဆုံးဆန့်ကျင်မှုကိုကြည့်ပါက မှတ်တမ်းများအရ အမျိုးသမီးလူငယ်များ၊ အလုပ်သမားများအပါအဝင် အမျိုးသမီးအင်အားစုကို တွေ့မြင်ရမည်ဖြစ်သည်။ အလွှာပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံစသည့် နောက်ခံသမိုင်းကြောင်း စုံလင်ကွဲပြားသော အမျိုးသမီးများသည် အာဏာရှင်အဆက်ဆက် ကြီးစိုးလွှမ်းမိုးမှုကြောင့် ဆင်းရဲမွဲတေမှု၊ ပုံစံမျိုးစုံဖြင့် အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ မတရားခေါင်းပုံဖြတ်မှု စသည့် မတရားမှုများကို တော်လှန်ခဲ့သည်မှာ ရာစုနှစ်ချီတိုင်ခဲ့ပြီးဖြစ်သည်။

အာဏာရှင်စနစ်ကို တော်လှန်သော ခေတ်အဆက်ဆက်တွင် အမျိုးသမီးများ အင်ပြည့်အားပြည့် ပါဝင်ခဲ့သော်လည်း အမျိုးသမီးများ၏ လုပ်ဆောင်ချက်သည် သမိုင်းစာမျက်နှာတွင် ဖော်ပြခြင်း မခံခဲ့ရပေ။ အမျိုးသမီးများသည် သမိုင်းစာမျက်နှာတွင် ဖော်ပြခြင်းမခံရစေကာမူ အမှန်တရားနှင့် တရားမျှတမှုတို့အတွက် အာဏာရှင်အဆက်ဆက်ကို ဆက်လက် တော်လှန်နေမည့်သူများဖြစ်သည်။ ထိုသို့သော အမျိုးသမီးများအားလုံးကို **“ခေတ်ပြောင်းကြွေးကြော်သံအောက်မှ တော်လှန်အမျိုးသမီးများ”** အဖြစ် မိမိတို့မြန်မာ့အမျိုးသမီးသမဂ္ဂ(BWU)မှ ဦးညွှတ်ဂုဏ်ပြုရင်း မှတ်တမ်းတင်လိုက်ပါသည်။

## References


1. Myanmar Pressphoto Agency. (October 29, 2021). “မြောင်မြို့နယ် အမျိုးသမီးစစ်သည် ပြောက်ကျားအဖွဲ့-အင်တာဗျူး”, Retrieved from Facebook, www.facebook.com/mmpressphoto/posts/6409161419124831

2. Delta News Agency. (September 25, 2021). “ပြည်သူ့တော်လှန်ရေးတပ်မတော်ရဲ့ ပထမဆုံး အမျိုးသမီးစစ်သင်တန်း”. Retrieved from Facebook, www.facebook.com/deltanewsagency/posts/pfbid0n1yGyNcpjQvZSScv797dLSTXg44BrrqPSDRq7sYYJP2aJn4vN6n-H36dRb8zMpwL5l

3. International Women’s Development Agency. (November 2, 2020). “Inside The Women’s Movement Sweeping Myanmar’s Election. Retrieved from https://iwda.org.au/inside-the-womens-movement-sweeping-myanmars-election/

4. Myanmar Pressphoto Agency. (October 29, 2021). “မြောင်မြို့နယ်အမျိုးသမီးစစ်သည်ပြောက်ကျားအဖွဲ့”, Retrieved from Facebook, https://www.facebook.com/mmpressphoto/posts/6409161419124831

5. Myanmar Pressphoto Agency. (May 13, 2022).
“အကျဉ်းထောင် နှင့် စစ်ကြောရေး ငရဲခန်းက အမျိုးသမီးများ”,
Retrieved from Facebook, https://www.facebook.com/mmpressphoto/posts/7484860881554874?_rdc=1&_rdr

6. The Irrawaddy. (October 6, 2021).
“မြေဖြူကိုင်တဲ့လက်တစုံဟာ သေနတ်ကိုင်ရမယ်လို့ မထင်ခဲ့မိဘူး”,
Retrieved from Facebook, https://www.facebook.com/watch/?ref=saved&v=3146930225551681

7. The Irrawaddy. (June 15, 2022).
“ရေစကြိုတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး (၁) ဦးအပါ (၅) ဦးကို စစ်ကောင်စီ မီးရှို့သတ်ခဲ့ဟုဆို”,
Retrieved from Facebook, https://www.facebook.com/theirrawaddyburmese/posts/5756074367770001

8. RFA–Burmese. (May 28, 2022).
“ထောက်ပို့တပ်သား ကရင်တိုင်းရင်းသူ နန်းချောစုခင်”,
Retrieved from Facebook, https://www.facebook.com/watch/?ref=saved&v=384304890321959&_rdc=1&_rdr

9. Border News Agency. (June 20, 2022).
“မင်းပြားမှာ အဖွားအိုတစ်ဦး ညအချိန်ဓားပြတိုက်သတ်ဖြတ်ခံရ ”,
Retrieved from Facebook, https://www.facebook.com/permalink.php?story_fbid=175519974890317&id=107469705028678

10. Burma News International– Myanmar Peace Monitor. (October 4, 2021). “ကရင်နီဒေသအတွင်း တိုက်ပွဲဝင်နေတဲ့ မန္တလေးက ရဲဘော်အမျိုးသမီးတစ်ဦးနဲ့ မေးမြန်းချက်”, Retrieved from Facebook, https://bit.ly/3QHqMeQ

11. RFA Burmese. (July 8, 2022). “အထည်ချုပ်အလုပ်သမား ၂ သိန်း ၂ သောင်းကျော် အလုပ်လက်မဲ့ဖြစ်နေ”, Facebook, https://www.facebook.com/rfaburmese/posts/pfbid-021bGVv7RQsFu4uyXmRWirPo2LFVeuyZ1DpVEg1N2DbsqPVcMy78V-vJzKmazPexcmFl

12. Burma Human Rights Network. (June 9, 2022). “ကန့်ဘလူ မြို့၊နတ်အင်းရွာမှာကျောင်းတက်နေတဲ့ ၈ နှစ်အရွယ်ကလေးကို ပျူစောထီး ခေါင်းဆောင်မှ အဓမ္မပြုကျင့်”, Retrieved from Facebook, https://www.facebook.com/BHRNUK/posts/350004473907227

13. BBC Burmese. (April 7, 2022). “မူကြိုကျောင်းထဲဝင်အဖမ်းခံရတဲ့ ၄ နှစ်အရွယ် ကလေးငယ်၂ရက်ကြာတဲ့အထိ ဘယ်မှာထားတယ်ဆိုတာမသိရသေး”, Retrieved from Facebook, https://www.facebook.com/BBCnewsBur-mese/posts/5175998635789313

14. RFA Burmese. (June 9, 2022). “အင်းစိန်ထောင် အမျိုးသမီးဆောင်မှာ သောက်ရေပြတ်ခံထားရ”, Retrieved from Facebook, https://www.facebook.com/rfaburmese/posts/10161877465993128

15. All Burma Federation of Student Unions – CEC. (October 19, 2022). Retrieved from Facebook https://bit.ly/3cgirQe

16. BBC. (October 24, 2022). "စစ်ကြောရေး ငရဲခန်းကို ကျော်ဖြတ်ခဲ့ရတဲ့ အမျိုးသမီးများ", bbc.com. Retrieved from https://www.bbc.com/burmese/burma-59029175?fbclid=IwAR1l-zWkwIjzPI9f_-G_Ipx0oXsw2s-G1yVGiQ5wSQ1YYYqJh5E-ePc-mNLU

17. HI. (July 18, 2021). "တောင်ကြီးတွင် အမျိုးသမီးလေးဦးအပါအဝင် ခုနစ်ဦး ဖမ်းဆီးခံရ", Retrieved from Facebook, https://www.facebook.com/honestinfo/posts/1792147427635325

18. Myanmar Now. (January 17, 2022). "အမျိုးသမီးတစ်ဦး ရောက်ခဲ့ရသည့် စစ်ကြောရေးငရဲခန်း ၃၆ နာရီ", Myanmar-now.org. Retrieved from https://www.myanmar-now.org/mm/news/10110